☆ကျောဖုံးမှ

စားသောက်ပြီးလျှင် နာရီဝက် (သို့မဟုတ်) ခရီးအကွာအဝေး ၂၅ မိုင်ခန့် မောင်းပြီးလျှင် အစာအဆိပ်တက်၍ ငိုက်မျဉ်းမှုဖြစ်တတ်ခြင်း စသည်တို့ကြောင့် မိုင် ၆၀ နှုန်းဖြင့် မောင်းနှင်နေသော ကားတစ်စီးသည် တစ်စက္ကန့်ငိုက်မိလျှင် ၈၈ပေ အကွာအဝေးသို့ရောက်သဖြင့် ပေ ၅၀ အကျယ်ရှိသော ကွန်ကရစ်လမ်းမျက်နှာပြင်ပေါ်မှ လမ်းဘေးသို့ကျရောက်ပြီး ယာဉ်မတော်တဆဖြစ်ရန် အခွင့်အလမ်းများသည်။

မြန်မာနိုင်ငံလမ်းများတွင် စိုက်ထူထားသော "အသိပေး၊ သတိပေး"နှင့် လမ်းညွှန်ဆိုင်းဘုတ်များသည် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသော သင်္ကေတများနှင့် ကွာခြားမှုမရှိပါ။ ဗန်ကောက်မြို့ UN ESCAP ၌ အာရှလမ်းမကြီးများကဲ့သို့ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းများတွင် ဆိုင်းဘုတ်ကိုစံနှုန်းစပ်လျဉ်း၍ ဆွေးနွေးရာ၌ အဖွဲ့ဝင်နိုင်ငံများသာမက တစ်ကမ္ဘာလုံး တစ်ပြေးညီဖြစ်စေရေးအတွက် ဗီယင်နာပြဋ္ဌာန်းချက် (Vienna Convention) ကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

လမ်းလယ်ကျွန်းများကို မြေပြင်အနေအထားအရ ကျွန်းမြင့်(သို့မဟုတ်) ကျွန်းနိမ့်ထားပါသည်။ အများအားဖြင့် လူနေအိမ်ခြေရှိသော မြို့/ရွာများအတွင်း ဖြတ်သန်းသွားသော အရှိန်နှုန်း နည်းနည်းဖြင့် မောင်းရမည့် လမ်းများတွင် ကျွန်းမြင့်ထားပြီး၊ လမ်းဘေးကပ်တုံး (Curb)၊ အမြင့် (barrier type) ကို ယာဉ်သွားလမ်းအဆုံးမှ အနည်းဆုံးတစ်ပေခွာ၍ တည်ဆောက်ပြီး မြို့ပြင်တွင် ကျွန်းနိမ့်ဖြင့် တည်ဆောက်၍ လမ်းဘေးကပ်တုံးများ မထည့်ဘဲ ကျွန်းလယ်ရှိရေမြောင်းကိုလည်း ထည့်သွင်းတည်ဆောက်ထားပါသည်။ (ဥပမာ) ဗန်ကောက်မှ ကန်ချနာဘူရီအထိ အလယ်ကျွန်းသည်အနိမ့်ဖြစ်ပြီး မြို့တွင်းတွင် အမြင့်ထားပါသည်။ နယူးဒေလီမှ အာဂရာအထိ လမ်းလယ်ကျွန်းသည် အမြင့်ဖြစ်ပါသည်။ ကူမင်းနှင့် တောင်ပေါ် အပန်းဖြေစခန်းအထိ လမ်းလယ်ကျွန်းသည် မြို့/ရွာများအတွင်းတွင် ကျွန်းမြင့်တည်ဆောက်ထားပြီး ကျန်နေရာများတွင် သဘာဝတောင်ကြောများအတိုင်း လိုက်လံဖောက်လုပ်ထား၍ ကျွန်းနိမ့်ကဲ့သို့ဖြစ်ပြီး အကျယ်သတ်မှတ်ချက်မရှိပါ။ သို့ပါ၍ ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင်လည်း ဤနည်းအတိုင်းပင် ဖြစ်ပါသည်။

အမြန်လမ်းသည် ယာဉ်သွားလာမှုရှင်းပြီး အမြန်နှုန်းဖြင့် မောင်းနိုင်သဖြင့် ထိုသို့မောင်းနေစဉ် ရုတ်တရက်ဘရိတ်အုပ်၍သော်လည်းကောင်း၊ မတော်တဆဖြစ်၍သော်လည်းကောင်း ယာဉ်ပေါ်ပါလူများ ကားထိုင်ခုံမှ လွတ်ထွက်မသွားစေရန်အတွက် ထိုင်ခုံခါးပတ်များ ပတ်ထားရန်နှင့် မော်တော်ယာဉ်များ တာယာကွဲခြင်း၊ ဘီးပေါက်ခြင်းများမရှိရန် အောက်ပိုင်းကြွခိုင်မှုများကို သေသေချာချာစစ်ဆေးပြီးမှ လမ်းများပေါ် မောင်းနှင်ကြရန် ဖြစ်ပါသည်။ ထို့ကြောင့် "လူလား၊ ယာဉ်လား၊ လမ်းလား"လို့ သို့လော သို့လော မတွေးဘဲ သတိတရားလက်ကိုင်ထားပြီး လမ်းစည်းကမ်း၊ ယာဉ်စည်း ကမ်းအတိုင်း သွားလာမောင်းနှင်မည် ဆိုပါက အားလုံးအန္တရာယ်ကင်းမှာဖြစ်ကြောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

လမ်းကွေ့နေရာများတွင် "ရှေ့မှာ အကွေ့ရှိသည်" စာသားအပြင် ဤသို့ မော်တော်ယာဉ်လမ်းညွှန် အမှတ်အသားများကိုလည်း စိုက်ထူပေးထားသည်။

အကာအရံ တည်ဆောက်ပေးထား

အမြန်လမ်းမကြီးဘေး ရွာရှိသောနေရာများ၌ ကျွဲ၊ နွားများအန္တရာယ် မတွေ့ကြုံစေရန် ဤသို့ အကာအရံများလည်း တည်ဆောက်ပေးထားသည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၂၀)**
- ၁၁း၂၅ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** ခြောက်နှစ်တာချစ်ခရီးလမ်း
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၃၁)**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၅ ၉။ မြန်မာ့ရှုခင်း
- ၄း၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ -ကောင်းကင်ချစ်ခြင်း လမင်းသံစဉ် ပြေဇာ် ယမင်းထွေး၊ ဒေါ်ခင်ခင်ကြီး (ဒါရိုက်တာ-အာယု)
- ၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂၆)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၃၄)**
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၈)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

မကွေးကောလိပ် (၁၉၆၄-၁၉၇၆) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

မကွေးကောလိပ် (၁၉၆၄-၁၉၇၆)ခုနှစ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၆၀ ကျော်တို့အား သတ္တမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် ရန်ကုန်မြို့ ဦးတင်ထွန်း ဖုန်း-၀၁-၅၄၅၅၉၉နှင့်၀၉-၅၀၁၈၅၃၃၊ ဦးတင်မောင်သန်း ဖုန်း-၀၁-၅၄၂၄၂၄ နှင့် ၀၉-၅၀၀၃၈၉၉၊ ဦးဘာဘာချို ဖုန်း-၀၁-၆၄၁၇၈၇၊ ဒေါ်ကြည်ကြည်တင် ဖုန်း-၀၁-၅၅၃၄၁၈ နှင့် ၀၉-၅၀၀၅၄၅၀၊ ဒေါ်ခင်ဝင်းမေ ဖုန်း-၀၁-၇၃၀၉၄၁၅၄၊ ဒေါ်စန်းစန်းထွန်း ဖုန်း-၀၁-၅၁၉၆၅၅၊ ဒေါ်စုစုလွင် ဖုန်း-၀၁-၅၇၇၃၉၆ နှင့်၀၁-၇၃၀၆၃၈၅၆)၊ ဒေါ်မာမာဆွေ ဖုန်း-၀၉-၅၀၉၀၈၇၇၊ ဒေါ်နွဲ့နွဲ့ယဉ် ဖုန်း-၀၁-၇၃၀၉၇၁၇၁၊ ဒေါ်ခင်မော်မော် ဖုန်း-၀၁-၅၀၀၂၂၅၊ ကျောက်ပန်းတောင်းမြို့ ဦးအေးမောင်ကြည် ဖုန်း-၀၆၁-၅၀၇၅၉၊ အောင်လံမြို့ ဦးညီညီ ဖုန်း-၀၆၉-၂၁၂၈၂ နှင့် ၂၁၈၈၂၊ မိတ္ထီလာမြို့ ဦးမျိုးလွင် ဖုန်း-၀၆၄-၂၁၂၁၃ နှင့် ၂၃၁၆၇၊ မကွေးမြို့ ဦးခင်မောင်မြင့် ဖုန်း-၀၉-၂၃၀၂၀၄၃၊ စလင်းမြို့ ဦးငွေး ဖုန်း-၀၆၃-၄၂၁၆၂၊ မန္တလေးမြို့ ဒေါ်ချိုချိုထွန်း ဖုန်း-၀၂-၆၄၅၀၅ နှင့် ၀၉-၂၀၂၂၀၈၊ ပခုက္ကူမြို့ ဒေါ်ခင်မြစန်း ဖုန်း-၀၆၂-၂၉၁၅၆၊ ချောက်မြို့ ဒေါ်မြင့်မြင့်ကြည် ဖုန်း-၀၉-၅၁၃၂၈၉၂၊ ဒေါ်ချိုချိုမြင့် ဖုန်း-၀၆၇-၄၁၄၇၈၃နှင့် ဒေါ်သဇင် ဖုန်း-၀၆၇-၄၁၂၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ထွာဒစ်ဂျစ်တယ်ကတ္တားနှင့် AD ဒစ်ဂျစ်တယ် ရွှေအရည်စစ်စက် ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးမှူး၍ Living With Technology Expo-2011, Yangon ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ပြသလျက်ရှိရာ စင်ထွာဒစ်ဂျစ်တယ်ကတ္တားနှင့် AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ရွှေအရည်စစ်စက်တို့လည်း ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

စင်ထွာဒစ်ဂျစ်တယ်ကတ္တားမှ ပွဲရုံလုပ်ငန်းသုံး၊ ကုန်စုံဆိုင်သုံး၊ စားသောက်ဆိုင်သုံး ကတ္တားငယ်များ၊ ကားချိန်ကတ္တားကြီးများကို ပြသရောင်းချလျက်ရှိသည်။ ထို့ပြင် AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ် ရွှေရည်စစ်စက်ကိုလည်း ပြသရောင်းချပေးလျက်ရှိသည်။ ရွှေရည်စစ်စက်မှာ ကျပ်၊ ပဲ၊ ရွေးစနစ်ဖြင့် ဖော်ပြနိုင်သည်။ ရွှေ၏အရည်ကို ကာရက်၊ သိပ်သည်းဆ၊ ပဲရည်စသည်ဖြင့် တိကျစွာ ဖော်ပြပေးနိုင်သည်။ AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ရွှေရည်စစ်စက်သည် မြန်မာပြည်တွင် တစ်ခုတည်းသော အဆင့်မြင့်နည်းပညာကို အသုံးပြုထားသည့် စက်ဖြစ်သည်။ ရွှေထည်ပစ္စည်းတစ်ခုတွင် ပါဝင်သော ရွှေပါဝင်မှုရာခိုင်နှုန်းကို မြန်မာ့စံပဲရည်ဖြင့် တိကျစွာ စစ်ဆေးပေးနိုင်သည်။ အဆိုပါ စက်မှာ ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိသည့် စင်ထွာဒစ်ဂျစ်တယ်ကတ္တားနှင့် AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ရွှေရည်စစ်စက်တို့ကို ပြပွဲကာလအတွင်း ဝယ်ယူပါက Discount ဖြင့် ရောင်းချပေးလျက် ရှိသည်။

ထို့ပြင် အရောင်းပြခန်းဖြစ်သည့် အမှတ်(၇၁) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၄၀၇၃၀၊ ၀၉-၅၅၂၂၁၂၃၊ ၀၉-၅၁၄၃၂၅၄နှင့် ၀၂-၉၁၀၀၀၇၁၄ တို့တွင်လည်း ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဆွေးနွေး

မုံရွာ ဇန်နဝါရီ ၈

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း သိကောင်းစရာများ ဆွေးနွေးတင်ပြခြင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ မော်တော်ဆိုင်ကယ်စီးဦးထုပ် လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်မိုးအေးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်တို့မှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်မိုးအေးက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း သိကောင်းစရာများ ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့က တက္ကသိုလ်၊ ကောလိပ် အသီးသီးမှ တာဝန်ရှိသူများထံသို့ မော်တော်ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၀၀ အား ပေးအပ်လှူဒါန်းသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ မုံရွာတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးကျော်မြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ခရိုင်/ပြန်ဆက်)

KNU အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၈

ကရင်ပြည်နယ် ဖာပွန်မြို့ အမှတ်(၂) ရပ်ကွက်နေ ဦးရဲလင်းသည် ကျွဲ၊ နွားများ လွှတ်ကျောင်းရန် ဇန်နဝါရီ ၆ ရက် နံနက် ၇နာရီခွဲခန့်တွင် အနောက်ဘက်ကမ်း ကျေးရွာသို့သွားရောက်စဉ် မြို့၏ အနောက်မြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ လူသွားလမ်းဘေး၌ အိုဆိုဆပ်ပြာဘူး တစ်ဘူးကို တွေ့ရှိသဖြင့် ကောက်ယူကြည့်ရာ ပေါက်ကွဲမှုဖြစ်ပွားပြီး ယာလက်ကောက်ဝတ်ပြတ်၊ ယာပခုံးစုတ်ပြဲပြီး မျက်နှာအရေပြားစုတ်ပြဲဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ပလတ်စတစ်ဆပ်ပြာဘူးမှာ KNU အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူများ သေကျေဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသော ဒေသန္တရလုပ် မိုင်းဖြစ်ကြောင်း သိရှိရပြီး ဒဏ်ရာရလူနာအား ဖာပွန်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က လမ်းသစ် ဖောက်လုပ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူတို့က တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးက တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ကတ္တရာလမ်းပေါ်မှ ဖြတ်သန်းကြည့်ရှု၍ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ပထမလမ်း

ယနေ့ဖွင့်လှစ်သော တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်သည် စုစုပေါင်း ၄၂ မိုင် ၇ ဖာလုံ ရှည်လျားပြီး ပဲခူးရိုးမ ဖြတ်ကျော်လမ်းမကြီး ခုနစ်သွယ်၏ တောင်ဘက်အစွန်ဆုံးလမ်းဖြစ်ကာ တောင်မှ မြောက်သို့ ရေတွက်ပါက တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်မှာ ရိုးမဖြတ်ကျော်လမ်းများအနက် ပထမလမ်း ဖြစ်သည်။

အလားတူ တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ် (၄၂/၄)နှင့် (၄၂/၅) ကြားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက လမ်းသစ် ဖောက်လုပ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ထို့နောက် တိုင်းမှူးက တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ကတ္တရာလမ်းသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။ တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၄၂ မိုင် ၇ ဖာလုံ ရှည်လျားသည့် ကတ္တရာလမ်း ဖြစ်ပြီး မိုင်တိုင်အမှတ် (၀/၀) ရန်ကုန်-ပြည်လမ်း တိုက်ကြီးမြို့မှ စတင်ရာ ရိုးမတောင်ကုန်းငယ်များကို ဖြတ်ကျော်ကာ မိုင်တိုင်အမှတ် (၁၈/၀)မှ မိုင်တိုင်အမှတ် (၂၂/၃) အထိ လှည်းကူး-ဖောင်ကြီး လမ်းအပိုင်းနှင့် တစ်ထပ်တည်းကျလျက် မိုင်တိုင်အမှတ် (၄၂/၇) ရန်ကုန်-ပဲခူးလမ်းနှင့် ဆက်စပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အဖွဲ့ ငါးဖွဲ့၊ ဆောက်လုပ်ရေးအထူးအဖွဲ့ ၁၀ ဖွဲ့နှင့် လမ်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့ လေးဖွဲ့ စုစုပေါင်း ၁၉ ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းနှင့် ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့ တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ပေါ်မှ ဖြတ်သန်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

၁၉၆၅-၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက်က ဗဟိုစံပြခန်းမဆောင်၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် ၂၅၅၀၀၀ ဖြင့် ၇၄ ဦးတို့အား တစ်ဦးချင်းလှူဒါန်းအပြီး တွေ့ရစဉ်။ (ကြေးမုံ)

BCB Centre မှ သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၈

MBA ဘွဲ့ရ စီးပွားရေး လုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် (Myanmar Business Executives (MBE) Network)က တည်ထောင်ထားသော စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းကျောင်း (Business Capacity Building (BCB) Centre မှ Essential Knowledge on Banking & Finance သင်တန်းနှင့် ဈေးကွက်စီမံခန့်ခွဲမှု ကျွမ်းကျင်မှု (Marketing Management) သင်တန်းကို ဇန်နဝါရီလ ဒုတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

Essential Knowledge on Banking & Finance သင်တန်းကို ငွေကြေးနှင့် ဘဏ်လုပ်ငန်း အကြောင်း စိတ်ဝင်စားသူများ၊ ဘဏ်လုပ်ငန်း၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ဘဏ်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ အခြေခံဘဏ်လုပ်ငန်းများနှင့် ဘဏ်လုပ်ငန်း အဆင့်ဆင့်အကြောင်းကို ပြည့်စုံပိုင်နိုင်စွာ သိရှိပြီး ဘဏ်လုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်စေမည် ဖြစ်သည်။

ဈေးကွက်စီမံခန့်ခွဲမှု ကျွမ်းကျင်ရေး သင်တန်း (Marketing Management) သင်တန်း၌ Marketing Strategy (ဈေးကွက်မဟာဗျူဟာ ချမှတ်ခြင်း)၊ Advertising & Promotion (ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း)၊ Customer Relation Management (ဖောက်သည်ဆက်ဆံရေးကို စီမံခန့်ခွဲခြင်း) ဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး ကျွမ်းကျင်သော ဈေးကွက်ဖော်ဆောင်မှု စီမံခန့်ခွဲသူတစ်ဦး ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးမည်ဟု သိရှိရသည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centre ဖုန်း-၅၃၈၅၃၁၊ အခန်း (၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာ လမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ E-mail:bcbcentre@mptmail.com.mm,bcbcentre009@ gmail.com သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးလှဝေ လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားစဉ်။(ကြေးမုံ)

အင်းစိန်မြို့နယ် မီးသတ်စခန်း ဆောက်လုပ်ပြီးစီးမှု ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မီးသတ်စခန်း (၅) ယူနစ် နှစ်ထပ် မီးသတ်စခန်းသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီ မှန်ကန်ရေးနှင့် သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ အင်းစိန်မြို့နယ် မီးသတ်စခန်းသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်)

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၁၉၈၁)ခုနှစ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်(၁၉၈၁)ခုနှစ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်(၃၀)ပြည့် ပုလဲရတုနှင့် စတုတ္ထအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ် (၁၆၄/၁၆၈) ဝါးတန်းလမ်းရှိ Doreen Burger and Snacks ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

ဆက်သွယ်လျှဒါန်းလိုပါက စိုးညီညီ ဖုန်း-၀၉-၅၀၁၉၆၄၃၊ ဇော်ဝင်းဦး ဖုန်း-၀၉-၈၃၀၄၄၄၅၊ ၀၉-၅၄၅၄၄၄၅၊ ဗလကြီး ဖုန်း-၀၉-၈၀၂၂၁၁၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ကိုညွန့် ဖုန်း-၀၁၇-၂၅၇၃၆၊ မော်စီ ဖုန်း-၀၉-၅၄၁၄၂၈၈၊ စောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဝင်းမောင်(ကုလားကြီး) ဖုန်း- ၀၉-၅၁၇၃၀၈၀ နှင့် မျိုးညွန့်(မူတူး) ဖုန်း-၀၉-၂၀၄၂၄၅၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကလေးကျောက်ကပ်ရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့နှင့် Mo Asia Co., Ltd. (Dumex)တို့ ပူးပေါင်းကျင်းပသည့် ကလေးများ ကျောက်ကပ်ရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ (Pediatric Nephrology Seminar)ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ အေးမောင်ဟန်နှင့် Mo Asia Co., Ltd. (Dumex) မှ ဒါရိုက်တာ ဒေါက်တာ ခင်ချိုဌေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ Mo Asia Co.,Ltd. (Dumex)မှ ဒါရိုက်တာ ဒေါက်တာ ခင်ချိုဌေးက မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ကလေးကျန်းမာပညာအဖွဲ့သို့ အလှူငွေကျပ် သုံးသိန်းစီကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်နှင့် ကလေးကျန်းမာပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အေးမောင်ဟန်တို့က လက်ခံကြသည်။

ယင်းနောက် ဆေးပညာနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာ ဖေသက်ခင်နှင့် ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လှတို့က ဆောင်ရွက်ကြပြီး National University Hospital, Singapore မှ Prof; Dr. Yap Hui Kim က "Lupus Nephritis in Children" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Center for Pediatrics and Adolescent Medicine, Germany မှ Prof; Dr. Franz Stefan Schaefer က "Updates on the Pathogenesis of Nephrotic Syndrome" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ All India Institute of Medical Sciences, India မှ Prof; Dr. Arvind Bagga က "Spectrum of Henoch-Schonlein nephritis and Ig A nephropathy" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ The Children's Hospital, United Kingdom of Great Britain and Northern Ireland မှ Dr. Christopher Mark Taylor က "Acute glomerulo nephritis and Rapidly Progressive glomerulo nephritis" ခေါင်းစဉ်ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(A)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကလေးများ ကျောက်ကပ်ရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင်သန်းနှင့် မိခင်ကြီး ဒေါက်တာဒေါ်အေးအေးကြည်တို့အားရည်စူး၍ အမှတ်(၅၄/ဒီ) အင်းယားလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဇော်ထွန်း-ဒေါ်သန္တာခင်မောင်သန်းနှင့် မောင်နှမ များက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကိုယ့်အတွက် ကိုယ့်တာကုသိုလ်ရှာ" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၇)**
- ၈း၃၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
- ၈း၅၅ Best Paintings of the year 2010
- ၉း၂၀ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဦးထွန်းလွင် (မိုးလေဝသပညာရှင်)]
- ၉း၅၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
- ၁၀း၁၅ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
- ၁၀း၂၅ ဗီဒီယိုပြခန်း
- ၁၀း၅၀ ဈေးဝယ်လမ်းညွှန် (Myanmar Book Centre)
- ၁၁း၁၅ Talent Show (နားဆင်ခံစား ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဂီတသံစဉ်များ)
- ၁၁း၄၀ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် စုပေါင်း မဟာဘုံကထိန်
- ၁၁း၅၀ ရန်ကုန်မြင်ကွင်းကျယ် (REDLINKရဲ့ Promotion ပွဲ)
- ၁၂း၀၀ ဟိုတယ်လမ်းညွှန် (HOTEL MAX Chang Tha Beach)
- ၁၂း၅၀ ပန်းချီပြခန်း (ဂန္ထဝင်လက်ရာများ အထူးပန်းချီပြပွဲ)
- ၁း၀၀ "ကိုယ့်အတွက် ကိုယ့်တာကုသိုလ်ရှာ" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (အထင်ကြီးတာကောင်းတယ်၊ အထင်မကြီးတာကောင်းတယ်)
- ၃း၂၅ Kid's Show
- ၃း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၇)**
- ၄း၃၀ FMF Selection
- ၅း၀၅ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကို သွားကြစို့
- ၅း၂၅ **MRTV-4 ကာတွန်းအစီအစဉ်**
- ၅း၅၀ 'ဝ'တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၇း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၁)**
- ၇း၄၀ ရန်ကုန်မြင်ကွင်းကျယ် (ခရစ္စမတ်အကြိုမိသားစုပျော်ပွဲရွှင်ပွဲနှင့် အထူးအရောင်းမြှင့်ပွဲတော်ကြီး)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၉း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၁)
- ၉း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၈)**
- ၁၀း၀၀ FA Cup (Leicester Vs Man City)
- ၁၂း၀၀ ဆေးဖက်ဝင်. . ဝင်ငွေတိုး. . . 'ဝ'ဥပင်ကိုပျိုး
- ၁၂း၂၀ နုယဉ်ဆန်းထွင် ပန်းအလှဆင် (ဒိုင်းမွန်းပုံပန်းအိုးထိုးနည်း)
- ၁၂း၅၀ ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံ၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁း၀၅ ဘဝများ (ဆုပန်ထွာ)
- ၁း၂၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁း၃၀ Movies Mistakes (Spider Men)
- ၂း၀၀ 'ရွှေဖြူ'ဟုခေါ်သည် (အပိုင်း-၂)
- ၂း၂၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၂း၄၅ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Message Bath
- ၃း၁၀ နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (Naing Group)
- ၃း၄၀ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂတိုက်)
- ၃း၅၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာချိုချိုမြင့်နှင့် တွေ့ဆုံခြင်း)
- ၄း၂၀ စဉ်ဆက်မပြတ် ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာဂီတပညာ
- ၄း၃၅ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကို အလှဆင်မည်
- ၅း၀၀ အစီအစဉ်ပြီး။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Man U- Liverpool	STARS SPORTS(LIVE)
၁၀း၀၀	Leicester City-Man-City	STARS SPORTS(LIVE)

အမက(၃၀)လှိုင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ ဘက်စုံထူးချွန်ဆုနှင့် စာရိတ္တဆု ရရှိသော မမေရီကျုံးနေမွှေးအား လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးစောအောင်မြဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာပေးပြခန်း ခင်းကျင်းပြသမည်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် အဖွဲ့ချုပ်၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည် အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင်လုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါး/ပုစွန်အစာထုတ်လုပ် ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်းလုပ်ငန်းရှင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ အလှမွေး ငါးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားသင့်သူများအား ဖိတ်ကြားထားပြီး ပညာပေးပြခန်းများတွင် မြန်မာ့ရေထွက်ပစ္စည်းများနှင့် စပ်လျဉ်းသည့် ပညာပေးပြခန်းများ ပါဝင်ပြသ ရောင်းချကြမည်ဖြစ်သည်။

ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ခင်းကျင်းပြသ ရောင်းချကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Living With Technology Expo-2011, Yangon AUTHENTIC (ATT) Trading ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၈

Living With Technology Expo-2011, Yangon ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်ထိ ပြသလျက်ရှိရာ AUTHENTIC (ATT) Trading and Construction Co.,Ltd. က ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြခန်းတွင် သစ်၊ အထပ်သားအစားထိုး Formwork များကို ပြသထားသည်။ ပုံစံပြား (Formwork) အဖြစ် အကြိမ် (၂၀၀)ကျော် အသုံးပြုနိုင်ခြင်းကြောင့် စီးပွားရေးအရ တွက်ခြေကိုက်သည်။ ပေ့ါပါး၍ တပ်ဆင်ဖြုတ်သိမ်းရာတွင် လွယ်ကူမြန်ဆန်မှုကြောင့် တည်ဆောက်ရေးအချိန် လျှော့ချနိုင်သည်။

Aerobic Treatment Unit တွင် ဟိုတယ်၊ ကွန်ဒို၊ ဆေးရုံ၊ ရုံးခန်းများ၊ စားသောက်ဆိုင်များနှင့် အထပ်မြင့်အဆောက်အအုံများမှ ထွက်ရှိလာသော ရေဆိုး၊ မိလ္လာများကို သန့်စင်ရာတွင် ပိုမိုကောင်းမွန် သန့်စင်သော ရေစွန့်ထုတ်ရန်အတွက် မိလ္လာကန် (Septic Tank) အစားထိုးစနစ်ကို ပြသထားသည်။

ရေပေးဝေရေး လုပ်ငန်းသုံးပိုက်များ (Hobas CC-GRP Pipe)သည် မြို့ပြရေပေးဝေရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေပေးဝေခြင်း၊ မြစ်ရေတင်ခြင်း လုပ်ငန်းများတွင် အသုံးပြုနိုင်သည်။ အခြားပိုက် အမျိုးအစားများထက် အရည်အသွေးသာလွန်ကောင်းမွန်ပြီး ဈေးနှုန်းအရ နှိုင်းယှဉ်နိုင်သည်။ ကျန်းမာရေးနှင့် ညီညွတ်သော ရေများ ပေးပို့နိုင်ပြီး ပိုက်တပ်ဆင်ရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ကာ လိုအပ်သော Fitting များ အဆင်သင့် ရရှိနိုင်သည်။

AUTHENTIC (ATT) Trading and Construction Co., Ltd. နှင့် ဆက်သွယ်လိုပါက အခန်းအမှတ် (၁၀၄) ကွန်ဒို (D),Kabaraye Villa, ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၅၅၆၉၀၊ ၆၅၆၀၅၀ နှင့် ၆၅၆၀၂၀ တို့သို့ ဆက်သွယ်နိုင်သည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဥတ္တရာသီ တောကို မီး၍

ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဇန်နဝါရီ ၃ ရက်တွင် မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများက ဖွင့်ပွဲအခမ်းအနား မုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးသည် ပညာရေး လုပ်ရှားမှုပြခန်းများနှင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ ပညာရေးစုံညီပွဲတော်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက ပညာရေးစုံညီပွဲတော် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရကျောင်းသား၊ ကျောင်းသူများက အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များ အသင်းအမှုဆောင်အဖွဲ့၏ (၁၂၄)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှု ဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။အခမ်းအနားတွင် အစီအစဉ်အရ ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှတစ်ဆင့် ခိုင်မာတောင့်တင်းစေရန် တိုးတက်တည်ဆောက်သွားရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရှေးရှုပြီး တစ်ဆင့်ပြီးတစ်ဆင့် စနစ်ကျမှန်ကန်စွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအဆင့်မီစွာ လုပ်ငန်းကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်နိုင်ရန် အပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အကျိုးရှိစွာ အသုံးပြုနိုင်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရေး စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်အေးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဘဏ်များအားလုံးသည် ကိုယ်စီ စီးပွားဖြစ်ထွန်းရေးကို ဆောင်ရွက်ရင်း နိုင်ငံတော်နှင့် ပြည်သူတို့၏ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန် ပိုမိုမြင့်မား စေရန်အတွက် စိတ်စေတနာကောင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍမှ ပံ့ပိုးဆောင်ရွက်သွားရေး အကျယ်တဝင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၄) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မင်းလှမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ နှစ် (၅၀)ပြည့် ရွှေရတုသဘင်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ (ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်)၌ ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်အထက် အသင်းဝင်သက်ကြီးဘိုးဘွားများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းသားများ၏ သားသမီးများ (အမှတ်စာရင်း မိတ္တူတင်ပြရန်) စာရင်းပေးရန်နှင့် အလှူငွေ၊ လှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅ နှင့် ၀၉-၅၅၀၄၇၀၃၊ ဒေါက်တာဒေါ်ဝင်းကြည် ဖုန်း-၀၁-၅၇၂၁၉၉ နှင့် ၀၉-၅၀၂၀၈၀၂၊ ဦးသန်းစိုး ဖုန်း-၀၁-၅၁၈၂၅၄ နှင့် ၀၉-၅၁၉၂၇၉၁၊ ဒေါက်တာသန်းအောင်စိုး ဖုန်း-၀၁-၃၈၆၇၅၂ နှင့် ၀၉-၅၀၂၅၈၅၂၊ ဦးတင်မောင်ဦး ဖုန်း-၀၉-၅၀၄၁၇၉၃၊ ဒေါက်တာနေမင်းထွန်း ဖုန်း-၀၉-၅၁၆၀၉၃၃ နှင့် ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇ နှင့် ၀၉-၅၄၁၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးကြပါရန်၊ သက်ကြီးဘိုးဘွားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် မင်းလှမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့တွင်းလမ်းများရှိ လမ်းပေါက်များ ဖာထေးခြင်းကို အမှုဆောင်အရာရှိ ဦးသိန်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ညီညီသွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သုံးခွမြို့နယ် (၁)ရပ်ကွက် အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲတွင် မြို့နယ် ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးအောင်ဘွားတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် မုရစ်ကလေး-ဆယ်ပလာကျေးလက် လမ်းပြုပြင်မှု အခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဦးဆောင်သောအဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ခရမ်းမြို့နယ် ဥက္ကဋ္ဌ ဦးတင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တွံတေးမြို့နယ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ အလက အလယ်ချောင်း ဆဋ္ဌမတန်းမှ မောင်ရဲထက်နိုင်အား မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဇော်ဟန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မိုးလုံလေလုံတင်းနစ်အားကစားကွင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်　　ဇန်နဝါရီ　　၈

မိုးလုံလေလုံတင်းနစ်အားကစားကွင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က မိုးလုံလေလုံတင်းနစ် အားကစားကွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မိုးလုံလေလုံတင်းနစ်အားကစားကွင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးတင်းနစ်ပြိုင်ပွဲများ ကျင်းပသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက မြို့တော်ဝန် ဦးအောင်သိန်းလင်းက မြန်မာတင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်လျက် မိုးရာသီတွင် မြန်မာ့တင်းနစ်အားကစားသမားများ လေ့ကျင့်မှု စဉ်ဆက်မပြတ် လေ့ကျင့်နိုင်ရေးအတွက် ယခုကဲ့သို့ မိုးလုံလေလုံ တင်းနစ်အားကစားကွင်းကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့ မိုးလုံလေလုံတင်းနစ်အားကစားကွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(တင်းနစ်အဖွဲ့ချုပ်)

လုပ်သားများကောလိပ်(ရူပဗေဒအဓိက) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန်　ဇန်နဝါရီ　၈

၁၉၇၂-၇၇ ပညာသင်နှစ် လုပ်သားများကောလိပ်(ရူပဗေဒအဓိက) ကျောင်းသား၊ ကျောင်းသူများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အခန်းအမှတ်(၁) (၁၂)ထပ် အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရှိ MIEC. PMC Group ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကျင်းပမည့်နေ့မတိုင်မီ ဦးကျော်သူ ဖုန်း-၂၅၆၆၀၂၊ ၀၉-၅၁၂၆၅၇၆၊ ဦးစိန်သန်း ဖုန်း-၅၇၉၉၂၆၊ ဦးခင်မောင်တင့် ဖုန်း-၂၁၄၈၃၀၊ ဦးခင်စိုး ဖုန်း-၀၉-၄၉၂၀၃၂၆၀၊ ဒေါ်ခင်နွဲ့ ဖုန်း-၅၅၁၄၆၅၊ ဒေါ်သန်းထွေး ဖုန်း-၀၁-၇၃၀၇၆၅၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။　(ကြေးမုံ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်လွင်ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက်က ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ထွက်ခွာမည့် ယာဉ်များအားကွင်းဆင်းစစ်ဆေးစဉ်။　(ကညန)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော်　　ဇန်နဝါရီ　　၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပူတာအိုမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ကသာမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကိုကိုးကျွန်း မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မြောင်းမြမြို့တွင် သုည ဒသမ ၂၀ လက်မ၊ မအူပင်မြို့ နှင့် ကော့သောင်းမြို့တို့တွင် သုည ဒသမ ၁၂ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဇန်နဝါရီ ၉ ရက်ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုင်ငံတကာအားကစားသတင်း　　နိုင်ငံတကာအားကစားသတင်း　　နိုင်ငံတကာအားကစားသတင်း　　နိုင်ငံတကာအားကစားသတင်း

အီဒင်ဒီဇီကို မန်စီးတီးရောက်

မန်ချက်စတာ　ဇန်နဝါရီ　၈

အင်္ဂလိပ်ပရီမီယာလိဂ် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည့် မန်စီးတီးအသင်းသည် ဘော့စနီးယား နိုင်ငံသားဖြစ်သည့် ဝုဖ်ဘတ်တိုက်စစ်မှူး အီဒင်ဒီဇီကိုအား ပေါင် ၂၇ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

မန်စီးတီးအသင်းသည် အသက် (၂၄) နှစ်ရှိ အီဒင်ဒီဇီကိုအား လေးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ ဘွန်ဒက်စ်လီဂါကလပ်ဝုဖ်ဘတ်အသင်းသို့ ၂၀၀၇ ခုနှစ်ကပင် ရောက်ရှိခဲ့ပြီး ၁၁၁ ပွဲတွင် ၆၆ ဂိုးသွင်းပေးထားနိုင်သည့် တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ မန်စီးတီးရောက် အီဒင်ဒီဇီကိုသည် ဇန်နဝါရီ ၁၅ ရက်တွင် ဝုဖ်ဗာဟမ်တန်နှင့် အိမ်ကွင်းကစားရမည့်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ပြီး နည်းပြမန်စီနီကလည်း အဆိုပါကစားသမားသစ်မှာ တီဗက်ဇ်၊ ဘာလော့တယ်လီတို့နှင့် တွဲဖက်၍ အကောင်းဆုံး ခြေစွမ်းပြဂိုးသွင်းနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက်ရှိနေသည်။　***အင်တာနက်။***



မန်စီးတီးသို့ ရောက်ရှိလာသည့် ဝုဖ်ဘတ်တိုက်စစ်မှူး အီဒင်ဒီဇီကို။

ဝင်းတင်(ကြေးမုံ)

အခြားပွဲစဉ်ရလဒ်များ

မီလ်ဝေါ	၁ - ၄	ဘာမင်ဂမ်
ဘလက်လန်း	၁ - ၀	ပီကျူအာရ်
ဘော်လ်တန်	၂ - ၀	ရော့ခ်စီးတီး
ဖူလ်ဟမ်	၆ - ၂	ပီတာဘရော့ချ်
စကန်သော့ပ်	၁ - ၅	အဲဗာတန်
ရှက်ဖီး	၁ - ၃	ဗီလာ
ဆန်းဒါးလန်း	၁ - ၂	နော့စ်ကောင်တီ
ဝက်စ်ဟမ်း	၂ - ၀	ဘန်စလေ

အင်တာနက်။

အမ်းမရိတ်တွင် အာဆင်နယ်နှင့် လိဒ်သရေကျ

လန်ဒန်　ဇန်နဝါရီ　၈

အက်ဖ်အေဖလား တတိယအဆင့် ပထမနေ့၏ အစောပိုင်းပွဲစဉ်အဖြစ် အမ်းမရိတ်ကွင်းတွင် အာဆင်နယ်နှင့် လိဒ်ယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျသွားသည်။

အာဆင်နယ်အသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ရိုဆစ်စကီး၊ ဆောင်း၊ အီဘိုယေး၊ ဒီနယ်လ်ဆင်၊ ဂျိုရူး၊ ချာမက်ခ်၊ အာရှာဗင်နှင့် ဘန်တနာတို့ ပါဝင်လာခဲ့ပြီး ဧည့်သည် လိဒ်ယူနိုက်တက်အသင်းတွင် ကစ်ပါရှမိုက်ကယ်၊ အဲလစ်ဘရစ်၊ အိုဘရင်၊ ဆန်ချက်ဇ်ဝတ်၊ ဂရေဒယ်၊ လူစီယာနိုဘက်ချီယိုနှင့် ရောဘတ် စနွတ်ဂလပ်စ်တို့ ပါဝင်ကစားခဲ့သည်။

ယခုပွဲတွင် လိဒ်ယူနိုက်တက်အတွက် ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ရောဘတ်စနွတ်ဂလပ်စ်က ပယ်နယ်တီမှ သွင်းယူခဲ့ပြီး အာဆင်နယ်အတွက် ချေပဂိုးကို ဖာဘရီဂက်စ်က မိနစ် ၉၀ တွင် ပယ်နယ်တီမှပင် သွင်းယူပေးခဲ့သည်။　***အင်တာနက်။***

ဇက်ဘလက်တာ၏ အနီကတ်ပြစ်ဒဏ်အယူခံအောင်မြင်

မန်ချက်စတာ　ဇန်နဝါရီ　၈

မန်ချက်စတာစီးတီးအသင်းသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကစားခဲ့သော အာဆင်နယ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့သောပွဲစဉ်တွင် ရရှိခဲ့သော အသင်း၏ နောက်ခံလူ ပါဘလိုဇက်ဘလက်တာ၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံအောင်မြင်ခဲ့သည်ဟု သတင်းတစ်ရပ်ကဆိုသည်။

ထိုနေ့ပွဲစဉ်တွင် အာဂျင်တီးနားကစားသမားသည် အာဆင်နယ်နောက်ခံလူ ဆစ်ဂ်နာနှင့်အတူ တိုက်ရိုက်အနီကတ်ပြခံခဲ့ရသည်။

မန်ချက်စတာစီးတီးအသင်း၏ ကြေညာချက်တစ်ရပ်၌ ဘောလုံးအဖွဲ့ချုပ်၏ စည်းကမ်းထိန်းသိမ်းရေးကော်မရှင်၏ ကြားနာမှုတွင် ဇက်ဘလက်တာအတွက် မှားယွင်းသော ထုတ်ပယ်ခံရမှုဆိုသည့် အယူခံတင်ပြချက်ကို လက်ခံပြီး ထိုအနီကတ်ပြစ်ဒဏ်အား ပယ်ဖျက်ပေးခဲ့သည်ဟု ဆိုသည်။

ထို့ကြောင့် အာဂျင်တီးနား နောက်ခံလူ၏ သုံးပွဲပယ်ပြစ်ဒဏ်ပျက်ပြယ်ခဲ့ရပြီး လာမည့်တနင်္ဂနွေနေ့တွင် ကစားမည့် လက်ဆက်စတာအသင်းနှင့် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်တော့မည်ဖြစ်သည်။　***အင်တာနက်။***

စပါးအသင်းသို့ရောက်ရှိရန်နီးစပ်နေပြီဖြစ်သည့် ဒေးဗစ်ဘက်ခမ်း။

စိုးတင့်နိုင်

ဒေးဗစ်ဘက်ခမ်းအား အငှားစာချုပ်ဖြင့်ခေါ်ယူရေး ၉၀ ရာခိုင်နှုန်းသေချာဟု စပါးနည်းပြရက်ဒ်နက်ပ်ဆို

လန်ဒန်　ဇန်နဝါရီ　၈

တော့တင်ဟမ်ဟော့စပါးနည်းပြ ဟာရီရက်ဒ်နက်ပ်က အယ်လ်အေဂလက်ဆီကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် နှစ်လအငှားစာချုပ်ဖြင့် စပါးသို့ရောက်ရှိရန် ကိုးဆယ်ရာခိုင်နှုန်းသေချာကြောင်းနှင့် စပါးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားနိုင်ဖွယ်ရှိသည်ဟု ဖွင့်ဟပြောကြားလိုက်သည်။

“အပြောင်းအရွှေ့သဘောတူညီမှုက ၉၀ ရာခိုင်နှုန်းသေချာပါတယ်။ ယခုအပတ်ကျော်ရင်တော့ ကိစ္စအားလုံးပြီးပြတ်မယ်လို့ မျှော်လင့်ရတာပဲ”ဟု စပါးနည်းပြကြီးက သတင်းမီဒီယာတစ်ရပ်သို့ ပြောခဲ့သည်။

ဒေးဗစ်ဘက်ခမ်းသည် သူ၏ကစားသမားဘဝအား စပါးအသင်းနှင့်စတင်ခဲ့ပြီး နောက်ပိုင်း မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားကာ ထိုအသင်း၏ ရွှေရောင်မျိုးဆက်သစ် ဘောလုံးသမားတစ်ဦးအဖြစ်အောင်မြင်မှုရရှိခဲ့သည်။

ဒေးဗစ်ဘက်ခမ်းသည် ယခင်မေဂျာလိဂ်ပွဲစဉ်များ ရပ်နားထားချိန်တွင် အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးသည်။ ယခုတစ်ခေါက်တွင်တော့ ဗိုက်ဟက်ထ်လိန်းတွင် ခြေချဖွယ်ရှိနေသည်။

အင်တာနက်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော SKY NET ရုပ်သံလိုင်းများအတွက် ဒေသဆိုင်ရာစီးပွားဖက် Regional Service Partner (RSP)များ၏ မြို့နယ်များအလိုက် စာရင်း

(ယမန်နေ့မှအဆက်)

စဉ်	ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်	RSP အမည်	ဆိုင်အမည် RSPလိပ်စာ၊ ဖုန်းနံပါတ်
	(၃) ပုလော	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၄) တနင်္သာရီ	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၅) ရေဖြူ	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၆) ထားဝယ်	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI အမှတ် (၁၂)၊ ဗိုလ်ချုပ်လမ်း၊ တလိုင်းမရပ်၊ ထားဝယ်မြို့။ Ph:059-22177
	(၇) သရက်ချောင်း	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၈) လောင်းလုံ	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI Ph:059-51500
	(၉) မြိတ် ကျွန်းစု	ဦးစိုးဝင်း	ဦးစိုးဝင်း HIFI အမှတ်(၃)၊ စကားဝါလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့။ Ph:059-41836, 095-51500
(၇)	**(ဆ) ပဲခူးတိုင်းဒေသကြီး**		
	(၁) သာယာဝတီ	ဦးထွန်းအောင်	Insight Technologies Services Co, Ltd ဗိုလ်ချုပ်လမ်း၊ ဈေးရပ်ကွက်၊ သုံးဆယ်မြို့။ Ph:0953-72333, 0950-69504
	(၂) လက်ပံတန်း	ဦးထွန်းအောင်	Insight Technologies Services Co, Ltd စိန်စံပယ်ဦးရုပ်ရှင်ရုံအောက်၊ လမ်းမတော်(၁)လမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့နယ်။ Ph:0953-72333, 0950-69504
	(၃) တောင်ငူ	ဦးကျော်စိုး၊	ဦးကျော်တင့်လွင် (၁၆/၈၅) ဗိုလ်မှူးဖိုးကွန်းလမ်း၊ တောင်ငူမြို့။ Ph:0920-38878,0963-01082
	(၄) ရေတာရှည်	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	ဟိုင်းဝေးစတားကဖီး အမှတ်(၃)ရပ်ကွက်၊ ရေတာရှည်မြို့ Ph:054-80439,054-80194
	(၅) ဖြူး	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	အမှတ်(၃)၊ ပဲခူးလမ်းမြောက်ပိုင်းမြို့မအရှေ့ရပ်ကွက်၊ ဖြူးမြို့ Ph:054-40692
	(၆) ထန်းတပင်	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	Ph:067-26811, 0949-208732
	(၇) အုတ်တွင်း	ဦးကျော်စိုး၊ ဦးကျော်တင့်လွင်	Ph:067-26811, 0949-208732
	(၈) သနပ်ပင်	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး Ph:052-50168
	(၉) ဝေါ	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး Ph:052-50168
	(၁၀) ဒိုက်ဦး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး Ph:052-50168
	(၁၁) ညောင်လေးပင်	"စိန်ဟင်း" လျှပ်စစ်နှင့်စတိုး	"ဒေါ်ကျင်တီ"လျှပ်စစ်ပစ္စည်းဆိုင် အမှတ်(၇)၊ မန္တလေးလမ်း၊ ညောင်လေးပင်မြို့၊ Ph:052-50168
	(၁၂) ကဝ	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး	Ph:052-50168
	(၁၃) ကျောက်တံခါး	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး	ဦးဆိုနာပတီ"ရန်ကုန်"နာရီဆိုင် သရဖီလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ကျောက်တံခါးမြို့နယ်၊ Ph:054-60253, 0950-68847
	(၁၄) ပဲခူး	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး	"စိန်ဟင်း"လျှပ်စစ်နှင့်စတိုး အမှတ်(၇)၊ မင်းလမ်း၊ ပန်းလှိုင်၊ ပဲခူးမြို့ Ph:052-23677, 052-23679, 052-24294
	(၁၅) ရွှေကျင်	ဦးသိန်းသန်းထွန်း	"သိန်းသန်း"ဂြိုဟ်တုစလောင်းနှင့် ကုန်စုံဆိုင် ညဈေးလမ်း၊ ကျောက်တိုင်အနီး၊ ရွှေကျင်၊ Ph:052-42228, 0963-12206
	(၁၆) ပြည်	ဦးအေးဝင်း	အာကာဝင်း တိုက်(၂)၊ အခန်း(၅)၊ မီးရထားတိုက်ခန်း၊ ပြည်-ရန်ကုန်လမ်း၊ ပြည်မြို့၊ Ph:053-27765, 0949-501946,053-26319, 053-25061
	(၁၇) ပန်းတောင်း	ဦးအေးဝင်း	You & I Tea (ကိုစိုးမင်းထိုက်-ဥသျှစ်ပင်) Ph:053-42056
	(၁၈) ရွှေတောင်	ဦးအေးဝင်း	အာကာဝင်း Ph:053-27765, 0949-501946, 053-26319, 053-25061
	(၁၉) ပေါင်းတည်	ဦးအေးဝင်း	DK Electronic (မယမင်းစံ) Ph:053-38192, 053-38540
	(၂၀) သဲကုန်း	ဦးအေးဝင်း	ကိုဟာစံ အမှတ်(၁)၊ သဲကုန်းမြို့၊ Ph:053-62083
	(၂၁) ပေါက်ခေါင်း	ဦးအေးဝင်း	အာကာဝင်း Ph:053-27765, 0949-501946, 053-26319, 053-25061
	(၂၂) နတ္တလင်း	ဒေါ်သီတာဝင်း	"ထိပ်တန်းတော်ဝင်"စတိုး တာပွန်လမ်း၊ မြို့မရပ်ကွက်၊ နတ္တလင်းမြို့ Ph:053-36415,053-25061,051-26319
	(၂၃) ဇီးကုန်း	ဒေါ်သီတာဝင်း	"သရဖူ" စတိုး ဦးတင်လှ၊ ကုန်သည်လမ်း၊ ဇီးကုန်းမြို့၊ Ph:053-34152
(၈)	**(ဇ) ကချင်ပြည်နယ်**		
	(၁) ဆော့လော်	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၂) နောင်မွန်း	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile)Ph:074-70626, 0964-14141, 0947-011991
	(၃) ဆွမ်ပရာဘွမ်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၄) မချမ်းဘော	ဦးဖိုးတူး	ကိုဖိုးတူး(NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၅) အင်ဂျန်းယန်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၆) ခေါင်လန်ဖူး	ဦးဖိုးတူး	ကိုဖိုးတူး(NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၇) တနိုင်း	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၈) ချီဖွေ	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၉) မိုးမောက်	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၁၀) ရွှေကူ	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၁) ပူတာအို	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၁၂) မန်စီ	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၃) ဝိုင်းမော်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၄) ဖားကန့်	ဦးဖိုးတူး	ကိုဖိုးတူး(NewMobile) ကိုဖိုးတူး(New Mobile)အမှတ်(၁၅၈)၊ မြို့မ၊ဖားကန့်မြို့၊Ph:074-70626,0964-14141,0947-011991 အမှတ်(B-123)၊ မရှိကထောင်ရပ်ကွက်၊ ဘေလီတံတားထိပ်၊ ဖားကန့်မြို့
	(၁၅) ဗန်းမော်	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၆) မိုးကောင်း	ဦးဖိုးတူး	ကိုဖိုးတူး (NewMobile) Ph:074-70626, 0964-14141, 0947-011991
	(၁၇) မိုးညှင်း	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
	(၁၈) မြစ်ကြီးနား	ဦးဖိုးတူး	ကိုဖိုးတူး (New Mobile) Ph:074-70626, 0964-14141, 0947-011991
(၉)	**(ဈ) ကရင်ပြည်နယ်**		
	(၁) သံတောင်ကြီး	ဦးမျိုးဝင်း	ဦးမျိုးဝင်း(ရွှေဘုန်းဆည်) Ph:058-22484, 058-22459, 0949-770484
	(၂) ဖာပွန်	ဦးမျိုးဝင်း	ဦးမျိုးဝင်း(ရွှေဘုန်းဆည်)Ph:058-22484, 058-22459, 0949-770484
	(၃) မြဝတီ	ဦးမျိုးဝင်း	"ဟန်လင်းအောင်" အမှတ်(၁၂၃)၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၄)ရပ်၊ မြို့သစ်ရပ်ကွက်၊ မြဝတီ၊ (ဘုရင့်နောင်ဈေးကြီးအနီး) Ph:058- 50061-0956-61299
	(၄) ကြာအင်းဆိပ်ကြီး	ဦးမျိုးဝင်း	ကိုဇော်ဝင်းသိန်း၊ မစိုးစိုးစံသီတာလမ်းထိပ်၊ အမှတ်(၅)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့၊ Ph:058-60108
	(၅) လှိုင်းဘွဲ့	ဦးမျိုးဝင်း၊ကိုမြင့်စိုး	ဦးမျိုးဝင်း၊ကိုမြင့်စိုး အမှတ်(၅၈)၊ ကုန်သည်လမ်း၊(က)ရပ်ကွက်၊ လှိုင်းဘွဲ့မြို့၊ Ph:058-45655, 0987-31002
	(၆) ကော့ကရိတ်	ဦးမျိုးဝင်း	ဦးကျော်လှိုင် အမှတ်(၂)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆)ရပ် ကော့ကရိတ်၊ Ph:058-40215
	(၇) ဘားအံ	ဦးမျိုးဝင်း	ဦးမျိုးဝင်း(ရွှေဘုန်းဆည်) (၄/၄၂၃)၊ သုခနေလမ်း၊ ဘားအံမြို့ Ph:058-22484, 058-22459, 0949-770484 ဦးမျိုးဝင်း(ရွှေဘုန်းဆည်) (၂/၁၄၁)၊ သစ္စာလမ်း၊ ဘားအံမြို့၊ Ph: 058-21635, 058-22318, 058-22419
(၁၀)	**(ည) ချင်းပြည်နယ်**		
	(၁) ပလက်ဝ	ဦးလှစိန်မောင်(Super Het)	Ph:0985-02660
	(၂) ဟားခါး	ဦးနီလျှံဆန်း (TSO) ကိုအောင်အောင် (ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ဒဂုံနာရီနှင့် အီလက်ထရွန်နစ် Ph:073-21836, 073-21448, 0964-72956, 0947-073256
	(၃) တီးတိန်	ဦးနီလျှံဆန်း(TSO) ကိုအောင်အောင် (ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ ဒဂုံနာရီနှင့်အီလက်ထရွန်နစ်Ph:073-21836, 073-21448, 0964-72956, 0947-073256
	(၄) ဖလမ်း	ဦးနီလျှံဆန်း(TSO) ကိုအောင်အောင် (ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ ဒဂုံနာရီနှင့်အီလက်ထရွန်နစ် Ph:073-21836, 073-21448, 0964-72956, 0947-073256
	(၅) ထန်တလန်	ဦးနီလျှံဆန်း(TSO) ကိုအောင်အောင်(ဒဂုန်)	သစ္စာဦးကွန်ပျူတာ၊ ဒဂုံနာရီနှင့်အီလက်ထရွန်နစ် Ph:073-21836, 073-21448, 0964-72956, 0947-073256
(၁၁)	**(ဋ) မွန်ပြည်နယ်**		
	(၁) ရေး	ဦးအောင်မိုးကျော်	"ဟိန်း"လျှပ်စစ် အမှတ်(၁၁)၊ ဘုရင့်နောင်လမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ ရေးမြို့၊ Ph:0949-802675 "ရွှေစင်ကျော်"ရေခဲစက် ရေး-အစင်လမ်းမကြီး၊ အစင်ကျေးရွာ၊ Ph:057-50312, 057-50313, 0987-27323
	(၂) ကျိုက်ထို	ဦးအောင်မိုးကျော်	"ဦးရပ်ပါး"စတိုး အမှတ်(၄၅)၊ သီတာလမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့၊ Ph:057-60160, 057-60037
	(၃) သံဖြူဇရပ်	ဦးအောင်မိုးကျော်	"စံချိန်မီ"အီလက်ထရွန်နစ်စတိုး အမှတ်(၆၈)၊ ဗိုလ်နေဝင်းလမ်း၊ ကျောင်းပိုင်းရပ်ကွက်၊ အမှတ်(ဇ/၁၂၊ ၁၃၊ ၁၄)၊ မြို့မဈေးကြီး၊ သံဖြူဇရပ်မြို့။ Ph:057-79104, 057-79468
	(၄) ဘီးလင်း	ဦးအောင်မိုးကျော်	"ရွှေလမင်း"စတိုး ဘီရပ်ကွက်၊ ကျွန်းတောလမ်း၊ ဘီးလင်းမြို့နယ်။ Ph:0949-826563,057-64635,057-64022
	(၅) ချောင်းဆုံ	ဦးအောင်မိုးကျော်	"အားသစ်" စတိုး အနောက်ရပ်ကွက်၊ ချောင်းဆုံမြို့။ Ph:057-80237
	(၆) မုဒုံ	ဦးအောင်မိုးကျော်	"ကိုကျော်ရွှေ"စတိုး အမှတ်(၁၃၈)၊ မော်-သံလမ်း၊ လမ်းမကြီးရပ်၊ မုဒုံမြို့။ Ph:057-70308,057-70378 မတောက်နေပြာ အမှတ်(၁၂၉)၊ မော်-သံလမ်း၊ လမ်းမကြီးရပ်၊ မုဒုံမြို့။ Ph:0949-826826
	(၇) ကျိုက်မရော	ဦးအောင်မိုးကျော်	Ph:057-21265,057-24366,0949-815980
	(၈) သထုံ	ဦးအောင်မိုးကျော်	ဦးကျော်စွာလွင် အမှတ်(၃၇)၊ လမ်းမတန်း၊ ဘင်လှိုင်ရပ်ကွက် သထုံမြို့။Ph:057-41032,057-40603,0987-00111
	(၉) ပေါင်	ဦးအောင်မိုးကျော်	ဦးကိုကြီး အမှတ်(၂၅၂)၊ စည်ပင်သာယာလမ်း၊ ကဒါရပ်ကွက်၊ မြို့မဈေးကြီး၊ ပေါင်မြို့။ Ph:057-47252
	(၁၀) မော်လမြိုင်	ဦးအောင်မိုးကျော်	Show Room အမှတ်(၁၃၅)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့။ Ph:057-21265,057-24366, 0949-815980 "ကျော်"လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး အမှတ်(၂၁၁)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။ Ph:057-25446,057-25448,057-26446
(၁၂)	**(ဌ) ရခိုင်ပြည်နယ်**		
	(၁) မြေပုံ	ဦးလှစိန်မောင်(Super Het)	Ph:0985-02660
	(၂) ပုဏ္ဏားကျွန်း	ဦးလှစိန်မောင်(Super Het)	"လွင်"အီလက်ထရွန်နစ် လွင်(ကိုအောင်ကျော်သိန်း) အီလက်ထရောနစ်၊ ပုဏ္ဏားကျွန်းမြို့။ Ph:0949-670854,0949-668916
	(၃) ရသေ့တောင်	ဦးလှစိန်မောင်(Super Het)	"စူပါဟက်'အီလက်ထရွန်နစ် ကိုမောင်အေးလှိုင်၊ စူပါဟက် အီလက်ထရောနစ်၊ ရသေ့တောင်မြို့။ Ph:0985-02660
	(၄) ပေါက်တော	ဦးလှစိန်မောင်(Super Het)	Ph:0985-02660
	(၅) မင်းပြား	ဦးလှစိန်မောင်(Super Het)	Ph:0985-02660
	(၆) ကျောက်တော်	ဦးလှစိန်မောင်(Super Het)	"ငုဝါခိုင်"အီလက်ထရောနစ် ငုဝါခိုင်အီလက်ထရွန်နစ်၊ ကျောက်တော်မြို့ Ph:0985-32178,0985-32245,0949-670777
	(၇) မြောက်ဦး	ဦးလှစိန်မောင်(Super Het)	"ကိုအောင်သန်း'အီလက်ထရောနစ် ကိုအောင်သန်းအီလက်ထရွန်နစ်၊ မြောက်ဦးမြို့။Ph:0949-670506
	(၈) စစ်တွေ	ဦးလှစိန်မောင်(Super Het)	ဦးလှစိန်မောင်(Super Het) လမ်းမကြီး(၁၄၀)၊ အမှတ်(၁) ရဲစခန်းရှေ့၊မောလိပ်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ Ph:0985-00998,0956-80687,043-23264 0985-02225, 0949-660088,043-23264
	(၉) ဘူးသီးတောင်	ဦးလှစိန်မောင်(Super Het)	"အောင်"အီလက်ထရွန်နစ် ကိုရွှေသိန်း(အောင်)အီလက်ထရွန်နစ်၊ ဘူးသီးတောင်မြို့။ Ph:0949-658028, 0949-670784
	(၁၀) မောင်တော	ဦးလှစိန်မောင်(Super Het)	"ဖြိုးပြည့်လျှံ"အီလက်ထရွန်နစ် ဖြိုးပြည့်လျှံ အီလက်ထရွန်နစ်၊ မောင်တောမြို့။ Ph:0985-20065, 0949-658065 "ဝင်းသစ်"အီလက်ထရွန်နစ်၊ ဝင်းသစ်အီလက်ထရွန်နစ်၊မောင်တောမြို့ Ph:0985-00968,0949-658447,0949-658029
(၁၃)	**(ဍ) ရှမ်းပြည်နယ်(တောင်ပိုင်း)**		
	(၁) ကလော	ဦးညီသူရ	ကြယ်တံခွန်၊ ပြည်ထောင်စုလမ်း၊ အထူးကျောက်တိုင်အနီး၊ အောင်ပန်း၊ Ph:0949357048, 09-5280262 ပြည်တော်အေး၊ ကမ္ဘောဇဘဏ်အရှေ့၊ အောင်ပန်း၊ Ph:089-30435
	(၂) မိုင်းပန်	ဦးညီသူရ	Ph:0949-254888,081-206565
	(၃) မိုးနဲ	ဦးညီသူရ	ကိုစိုးငယ်၊ အမှတ်(၇၇)၊ နောင်ကျော့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မိုးနဲမြို့၊ Ph:095214703
	(၄) ကျေးသီး	ဦးညီသူရ	East Boy Engineering

စာမျက်နှာ ၁၆ မှအဆက်

စဉ်	ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်	RSP အမည်	ဆိုင်အမည် RSPလိပ်စာ၊ ဖုန်းနံပါတ်
	(၅) မောက်မယ်	ဦးညီသူရ	လှိုင်မင်းထက်၊ နိဗ္ဗာန်လမ်းဆုံ၊ ငွေပင်စံတည်းခိုခန်း၊ မောက်မယ်မြို့၊ Ph:095841783
	(၆) ကွန်ဟိန်း	ဦးညီသူရ	Ph:0949-254888, 081-206565
	(၇) လဲချား	ဦးညီသူရ	Ph:0949-254888, 081-206565
	(၈) လင်းခေး	ဦးညီသူရ	Ph:0949-254888, 081-206565
	(၉) မိုင်းရှူး	ဦးညီသူရ	Ph:0949-254888, 081-206565
	(၁၀) လွိုင်လင်	ဦးညီသူရ	ဒေါ်ထွေးကြည်၊ တ/၁၅၊ ဗောဓိလမ်း၊ ရပ်ကွက်(၄)၊ လွိုင်လင်မြို့၊ Ph:089-30110, 30118, 0949291420 စိုင်းအောင်ပွင့်၊ အခန်း(၃၆၊ ၃၇)၊ ဈေးရှေ့တိုက်တန်း၊ ပင်လုံမြို့၊ လွိုင်လင်၊ Ph:081-30435
	(၁၁) မိုင်းကိုင်	ဦးညီသူရ	East Boy Engineering Ph:0949-254888, 081-206565
	(၁၂) နမ့်စန်	ဦးညီသူရ	ကိုစိုးလင်း၊ 'Internet Eletric', မင်းလမ်း၊ နမ့်စန်မြို့ Ph:081-80405
	(၁၃) ပင်းတယ	ဦးညီသူရ	ကိုဝတုတ်၊ 'ကိုဝတုတ် အီလက်ထရွန်နစ်'(ဈေးတောင်ဘက်)၊ Ph:081-68185, 081-66350, 0940239567
	(၁၄) ဖယ်ခုံ	ဦးညီသူရ	Ph:0949-254888, 081-206565
	(၁၅) ရွာငံ	ဦးညီသူရ	ကိုအောင်ဖေ၊ ရှိုင်းလျှပ်စစ်ပစ္စည်းနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ မန္တလေး(ကွက်သစ်)ရပ်ကွက်၊ Ph:098854124
	(၁၆) ပင်လောင်း	ဦးညီသူရ	စိုင်းမျိုးဝင်းကျော်၊ 'ဝိုင်းဝိုင်းလည်'စတိုး၊ မင်းလမ်းမကြီး၊ ပင်လောင်း၊ Ph:081-54065, ရွှေပိတောက် Ph:081-84500
	(၁၇) ရပ်စောက်	ဦးညီသူရ	ဦးဝင်းနိုင်၊ အခန်း(၅)၊ ဈေးတန်းရပ်ကွက်၊ လှိုင်းတေးသံသွင်း၊ ဗထူးလမ်း၊ ရပ်စောက်၊ Ph:081-204144
	(၁၈) ဆီဆိုင်	ဦးညီသူရ	Ph:0949-254888, 081-206565
	(၁၉) ဟိုပုံး	ဦးညီသူရ	စိုင်းညွန့်လင်းဗိုလ်၊ တခ-၃၊ ပြည်ထောင်စုလမ်း၊ ဘုံခမ်းရပ်ကွက်၊ ဟိုပုံးမြို့၊ Ph:081-46219
	(၂၀) ညောင်ရွှေ	ဦးညီသူရ	ရွှေနဂါး၊ ဗိုလ်ချုပ်လမ်းမကြီး၊ ဈေးအနီး၊ Ph:081-209783 0952150981, 49360845
	(၂၁) တောင်ကြီး	ဦးညီသူရ	တင်မောင်ဆွေ၊ မြတ်လေးလမ်း၊ ကမ္ဘောဇဘဏ်တောင်ဘက်၊ တောင်ကြီးမြို့၊ Ph:081-21931 စင်ဒရဲလား(လ/၉၂)၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်ရပ်၊ တောင်ကြီးမြို့၊ Ph:081-22502, 081-200188
(၁၄)	(ပ) ရှမ်းပြည်နယ်(အရှေ့ပိုင်း)		
	(၁) ကျိုင်းတုံ	ဦးအောင်ခင်	အမှတ်(၄)၊ ကျိုင်းငမ်း၊ (၂)လမ်း၊ ကျိုင်းတုံ။ Ph:084-21227,0952-50668
	(၂) တာချီလိတ်	ဦးအောင်ခင်	(၂/၈၂)၊ မကာဟိုခမ်းရပ်ကွက်။(နှင်းဆီတည်းခိုခန်းဝင်းအတွင်း) Ph:084-52988,0952-40868
	(၃) မိုင်းယန်း	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၄) မိုင်းတုံ	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၅) မိုင်းဖြတ်	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၆) မိုင်းယောင်း	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၇) မိုင်းဆတ်	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၈) မိုင်းခတ်	ဦးအောင်ခင်	Ph:084-21227,0952-50668
	(၉) မိုင်းပျဉ်း	ဦးအောင်ခင်	(၈၂/၅၅)၊ တမာလမ်း၊ အောက်ဈေးတန်းရပ်ကွက်။ Ph:084-70076,084-70094
(၁၅)	(ဏ) ရှမ်းပြည်နယ်(မြောက်ပိုင်း)		
	(၁) မိုင်းမော	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ် (Thida Aye Group) ရထိုက်စတိုး Ph:082-25279,0947-302231,0952-60279,0947-302279
	(၂) နားဖန်း	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ် (Thida Aye Group) ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၃) ဟိုပန်	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ် (Thida Aye Group) ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၄) ပန်ဆန်း	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၅) ပန်ဝိုင်း	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၆) မန်တုံ	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၇) မဘိမ်း	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၈) ကွမ်းလုံ	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၉) နမ္မတူ	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၀) နမ့်ဆန်	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၁) မိုင်းရယ်	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၂) သိန်းနီ	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၃) ကုန်းကြမ်း	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၄) မိုးမိတ်	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၅) လောက်ကိုင်	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၆) ကွတ်ခိုင်	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၇) မူဆယ်	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0952-60279,0947-318133 ရထိုက်စတိုး ဦးမိုးသူ “လပြည့်ဝန်း”အီလက်ထရွန်နစ်စင်တာ
	(၁၈) နမ့်ခမ်း	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၁၉) နောင်ချို	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၂၀) သီပေါ	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး "Eagle"စတိုး Ph;082-25279,0952-60279,082-40188
	(၂၁) ကျောက်မဲ	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး "Eagle"စတိုး Ph;082-25279,0952-60279,082-40188
	(၂၂) တန့်ယန်း	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး Ph;082-25279,0947-302231,0952-60279,0947-302279
	(၂၃) လားရှိုး	ဦးထွန်းလှိုင်	“ထွန်းလှိုင်”အီလက်ထရွန်နစ်(Thida Aye Group)ရထိုက်စတိုး ဗိုလ်ချုပ်လမ်း၊ ရပ်ကွက်(၂)၊ လားရှိုးမြို့။ Ph;082-25279,0947-302231,0952-60279,0947-302279,082-23527
(၁၆)	(တ) ကယားပြည်နယ်		
	(၁) လွိုင်ကော်	ဦးကျော်မင်းအောင်	Techno World၊ မင်း(၁၀)၊ ကန္တာရဝတီလမ်း၊ လွိုင်ကော်။ Ph:083-21230, 083-21666
	(၂) ဘော်လခဲ	ဦးကျော်မင်းအောင်	Ph:083-21230, 083-21666
	(၃) မဲဆယ်	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၄) ရှားထော	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၅) ဖားဆောင်း	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၆) ဖရူးဆိုး	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666
	(၇) ဒီမောဆိုး	ဦးကျော်မင်းအောင်	Ph-083-21230, 083-21666

MBSS Super Mart
မြန်မာတွေပိုင်တဲ့ မြန်မာတို့ရဲ့ ဈေးဝယ်စင်တာ
Myanmar Big Shops Shopping Center
4-1-2011 မှစ၍
မြန်မာ့ဘစ်ရှော့ဈေးဝယ်စင်တာတွင် အရက်၊ ဘီယာ၊ ဆေးလိပ် (လုံးဝ)မရောင်းပါ။
mbssmart@goldenland.com.mm

Dr. Tin Latt ဦးစီးသင်ကြားသော... MAT Professional Training
ABE
Association of Business Executives
Website: www.matprofessional.com
Commencing Date: 14 Jan 2011
ABE Accredited Centre
Ph: 242431, 246618
No. 355, 2nd Floor, Thein Phyu Road, Mingalar Taung Nyunt Township

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ၉/မြောက်ရပ်ကွက် ဇေတိကအိမ်ရာ တိုက်(A6)၊ အခန်း(004)အားလက်ရှိ တရားဝင်ပိုင်ဆိုင်သူ ဦးဟိုခိုင်ရီ(ခ) ဦးသိန်းလွင်[၁၂/လသန(နိုင်)၀၁၆၀၉၆]မှ ဦးမျိုးကျော်[၁၂/လမန(နိုင်)၀၉၅၈၃၂]အား ရောင်းချရန်သဘောတူညီပြီးစရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါပြီး(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကျွန်တော်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးကျော်[၁၂/လမန(နိုင်)၀၉၅၈၃၂]
ဖုန်း-၀၉၅၁၆၉၅၇၆

ဝင်းသိန်းဦး
အောင်ပွဲဝင်အရောင်းသမားလက်စွဲ
The Sales Success Handbook
FUTURE

ဆရာဦးဝင်းမိုလ်
ဝန်းကျင်းလက် & ပညာမိုလ်

မြန်မြတ်
TV,VCD,DVD
09-50-57181,550659

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

လူလား၊ ယာဉ်လား၊ လမ်းလား(၂)

ယာဉ်အန္တရာယ်မဖြစ်စေရန်အတွက် ယာဉ်ကြောပြောင်းပြန် မမောင်းရဆိုသည့် ဆိုင်းဘုတ်များကိုလည်း တွေ့နိုင်သည်။

ခရမ်းစိုးမြင့်-ကွင်းဆင်းလေ့လာရေးသားသည်

အမြန်လမ်းပေါ်တွင် ဖြစ်ပေါ်ခဲ့သော မတော်တဆမှုများနှင့် ပတ်သက်၍ ယာဉ်မတော်တဆမှုများသည် လူ၊ယာဉ်နှင့် လမ်းတစ်မျိုးမျိုး(သို့မဟုတ်) ပေါင်း၍ ဖြစ်တတ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ အမြန်လမ်းပေါ်တွင် ဖြစ်ပျက်ခဲ့သော မတော်တဆမှုများတွင် သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းခြင်း၊ ယာဉ်မောင်းများ အိပ်ငိုက်ခြင်း၊ ကားဘီးပေါက်ခြင်း၊ လမ်းသွားလမ်းလာများ လမ်းပေါ်တွင်ကစားခြင်း၊ လမ်းလျှောက်ခြင်းစသည့် "လူ"ကြောင့်ဖြစ်ရသော မတော်တဆမှုများလည်း ပါသည်။

အမြန်နှုန်းဖြင့် မောင်းနှင်သော ခရီးဝေးလမ်းမကြီးပေါ်တွင် မောင်းချိန်တစ်နာရီခန့်(သို့မဟုတ်)ခရီးအကွာအဝေးမိုင် ၅၀ ခန့်မောင်းပြီးလျှင် ခန္ဓာကိုယ်တောင့်တင်းမှုဖြစ်ခြင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့☆**

ထူးခြားသည့် ညအပူချိန်များ

၈ - ၁ - ၂၀၁၁

ပူတာအို	၂ ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၃ ဒီဂရီစင်တီဂရိတ်
ဟားခါး	၄ ဒီဂရီစင်တီဂရိတ်
ကသာ	၅ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈ - ၁ - ၂၀၁၁

ကိုကိုးကျွန်း	၂ ဒသမ ၅၂ လက်မ
မြောင်းမြ	သုည ဒသမ ၂၀ လက်မ
မအူပင်	သုည ဒသမ ၁၂ လက်မ
ကော့သောင်း	သုည ဒသမ ၁၂ လက်မ

ရေခဲများဖြင့် ထုဆစ်ထားသည့် ရှေးခေတ်လက်ရာ ရဲတိုက်အဆောက်အအုံများ၏ ညမြင်ကွင်း။

ဟာဘင် နိုင်ငံတကာရေခဲနှင့် ဆီးနှင်းပွဲတော်ဖွင့်လှစ်

ဟာဘင် ဇန်နဝါရီ ၈

နိုင်ငံနှင့် ဒေသ ၁၆ ခုတို့ ပါဝင်ယှဉ်ပြိုင်ကြသည့် ရေခဲ ပန်းပုရုပ်တု ၇၀ ကျော်နှင့်အတူ ဟာဘင်ရေခဲနှင့် ဆီးနှင်းပွဲတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့တွင် ဇန်နဝါရီ ၅ ရက်က ဖွင့်လှစ်လိုက်သည်။

ရေခဲပန်းပုရုပ်များနှင့် အဆောက်အအုံများကို ပြပွဲကျင်းပရာ နေရာအနီးရှိ ဆုန်ဟွာမြစ်၏ အေးခဲနေသော မျက်နှာပြင်မှ ရေခဲထုကို ဖြတ်တောက်ထွင်းထုထားခြင်းဖြစ်သည်။ ဤပြိုင်ပွဲတွင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ချီလီ၊ မလေးရှားနှင့် ဖင်လန်နိုင်ငံတို့မှ ရေခဲ ပန်းပုပညာရှင်များ ပါဝင်ကြသည်။

ဤကမ္ဘာ့အကြီးဆုံး ရေခဲနှင့် ဆီးနှင်းပွဲတော်၏ ထူးခြားချက်များအဖြစ် ၎င်းနှင့် ဆက်စပ်၍ ရေခဲရေကူးခြင်း၊ ရေခဲပန်းပုထုပြိုင်ခြင်း၊ ရေခဲမီးအိမ်ထွန်းညှိခြင်း၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်း၊ မီးပုံးပျံလွှတ်ပြိုင်ပွဲနှင့် အခြား ဆောင်းရာသီအားကစားနည်းများလည်း ပါဝင်သည်။

ဤပွဲတော်၏ အဓိကပြိုင်ပွဲကို စတုရန်းမီတာ ၁၅၀၀ ရှိ ကျောက်လင် ပန်းခြံအတွင်း၌ ကျင်းပသည်။ နှစ်စဉ် ဇန်နဝါရီ ၅ ရက်တွင် စတင်သော ဤပြိုင်ပွဲကို ရာသီဥတုကောင်းမွန်ပါက တစ်လခန့်ကြာသည်အထိ ကျင်းပကြောင်း သိရသည်။

အင်တာနက်။

ဘာသာပြန်
ဝီရဇော်

ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (9-1-2011) (မြေ၃၉)

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၄၂ မိုင် ၇ ဖာလုံရှိ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ပထမလမ်းဖြစ်သော တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ဖောက်လုပ်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၄၂ မိုင် ၇ ဖာလုံရှိ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ပထမလမ်းဖြစ်သော တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ်(၀/၂)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော် အကအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုက်ကြီး-ဖောင်ကြီး- ပဲခူး ကတ္တရာလမ်းသစ်၏ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော် (The 9th Myanmar ICT Week)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်ရှိ ရတနာပုံဆိုင်ဘာခန်းမ (Yatanarpon Cyber Hall)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီးများ နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနား၌ ရတနာပုံဆိုင်ဘာခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ပြင်ဦးလွင်တပ်နယ်မှူး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ အမှုဆောင်များ၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ အိုင်စီတီကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က အမှာစကားပြောကြားရာတွင် ရတနာပုံနည်းပညာမြို့သစ်၌ ၂၀၁၀ ခုနှစ်အတွင်း ခေတ်မီ

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

The Mirror
၉-၁-၂၀၁၁
(တနင်္ဂနွေနေ့)

မြန်မာ့ပညာရေးမျှော်မှန်းချက် အောင်မြင်အောင် မိဘ ဆရာ ကျောင်းသားများ ပူးပေါင်းဖော်ဆောင်

နိုင်ငံကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းရာတွင် အမျိုးသား လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံပိုင်ဆိုင်မှု ရှိရပေမည်။ အမျိုးသားပညာရည်မြှင့်တင်ပြီး အရေအတွက်ရော အရည်အချင်းပါ ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစတင်၍ အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် လုပ်ငန်းစဉ်များ ချမှတ်ထားသည်။ ယခုအခါ ဒုတိယနှစ်တို (၅) နှစ်စီမံကိန်း၏ ပဉ္စမနှစ်အဖြစ် ပညာရေးအရည်အသွေးမြင့်မားရေး ဦးစားပေးဖော်ဆောင်နေပြီ ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် နိုင်ငံသားတိုင်း အခြေခံပညာ၊ အဆင့်မြင့်ပညာများ အဆင့်လိုက် သင်ယူတတ်မြောက်ရေးသည် အဓိကလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ထားရာ အရွယ်ရောက်သူကလေးတိုင်း အခြေခံပညာသင်ကြားခွင့် လွယ်လင့်တကူ ရရှိနေပေပြီ။

ထို့အတူ အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ်များ တိုးမြှင့်ဖွင့်လှစ်ထားသည်။ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)တို့ကိုဖွင့်လှစ်ပြီး အတတ်ပညာရှင်များ မွေးထုတ်ပေးနေပြီဖြစ်သည်။ တစ်ချိန်တည်းတွင် ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် ကျန်းမာရေးတက္ကသိုလ်များ ဖွင့်လှစ်၍ ဆေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

အခြေခံပညာကျောင်းများအလိုက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေမြဲရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး ဆရာ၊ ဆရာမများက ကြိုးစားအားထုတ် သင်ကြားပေးကြသည်။ ကျောင်းဥပမိရပ် တိုးတက်ကောင်းမွန်ရေး၊ ကျောင်းကျန်းမာရေး အတွေးအခေါ် အသိအမြင် ဗဟုသုတကြွယ်ဝစေရေးတို့အတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိဘပြည်သူများက ပါဝင်ကူညီပံ့ပိုးလျက်ရှိသည်။

ယင်းသို့ ပူးပေါင်းပါဝင် ဖြည့်ဆည်းမှုများနှင့်အတူ ဘက်စုံပညာထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာလျက်ရှိသည်။ နှစ်စဉ် ပညာရေးစုံညီပွဲတော်များကျင်းပ၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ ဘာသာရပ်အလိုက် ထူးချွန်သူများ၊ နိုင်ငံတကာ စာပေ အနုပညာနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်စွာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သူများကို ထူးချွန်ဆုများ ချီးမြှင့်လျက်ရှိသည်။ အမျိုးသားပညာရည်မြင့်မားရေးတွင် မိဘ၊ ဆရာ၊ ကျောင်းသားများ တက်ညီလက်ညီ ပူးပေါင်းပါဝင် စွမ်းဆောင်ကြခြင်းဖြင့် မြန်မာ့ပညာရေးမျှော်မှန်းချက် ပိုမိုပေါက်မြောက် အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ။

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ဆရာတော်ကြီးများနှင့် စာအောင်သံဃာပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကြည့်မြင်တိုင်မြို့နယ် သာမုကျောင်းတိုက်၌ ကျင်းပရာ ငါးဘာသာဂုဏ်ထူးရှင် မဆွေဇင်ဝတ်ရည်နိုင်အား အသင်းဥက္ကဋ္ဌ ဦးဟန်ဇော်နှင့် အလှူရှင် ဦးတင်ဝင်းတို့ ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (ပညာရေး)

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအသင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၈

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအသင်း (AUAA)က ကြီးမှူးကျင်းပမည့် (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက် ၈ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကျိုင်းတုံမြို့ ကောင်းဆန်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၈

ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် ကောင်းဆန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ကတ္တရာလမ်းသစ် ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံငယ်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၃ ရက်တွင် ကျိုင်းတုံတပ်နယ် နယ်မြေခံ သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာတိုင်းမှူးက ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းမှူးက ဘက်စုံထူးချွန်ဆု ပထမ၊ စာပေထူးချွန်ဆု ပထမ၊ ဘက်စုံ ထူးချွန်ဆု သိပ္ပံ၊ ဘက်စုံ ထူးချွန်ဆု ဝိပ္ပံ၊ ကျောင်းလုပ်ငန်းထူးချွန်ဆု ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ပညာရေးစုံညီပွဲတော်ပြခန်းများအတွင်း ခင်းကျင်းပြသထားသော သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာ ခွဲခြမ်းစိတ်ဖြာခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီး စီမံကိန်း (Bay of Bengal Large Marine Ecosystem Project) (BOB LME) ၏ နယ်နိမိတ်ကျော်ဖြတ်ခြင်းဆိုင်ရာ ငါးသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာ ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ [Transboundary Diagnostics Analysis (TDA) Work shop] ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel, Grand Ballroom ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် BOBLME Project မှ Regional Coordinator Dr. Chris O' Brien က နှုတ်ခွန်းဆက်စကားပြောကြားပြီး စာတမ်းရှင်များက သုတေသနပြုစာတမ်းများကို ဖတ်ကြားရှင်းလင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး BOB-LME Project ၏ TDA အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(မွေး/ရေ)



နိုင်ငံတကာအသိအမှတ်ပြု ကျန်းမာရေးစောင့်ရှောက်မှု ဒီပလိုမာသင်တန်း အမှတ်စဉ်(၂) ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

CITY & GUILDS မှ ချီးမြှင့်သော HEALTH CARE DIPLOMA (UK) ကို မြန်မာနိုင်ငံ၌ သင်ယူနိုင်ပြီ ဖြစ်သည်။

(IVQ) International Vocational Qualification ဖြစ်သည့် (1) Health Care Diploma နှင့် (2) Specialist Health Care Diploma ကို ပြည်တွင်းတွင် ကုန်ကျစရိတ် အသက်သာဆုံးဖြင့် သင်ယူနိုင်မည်ဖြစ်သည်။ Health Care Diploma သင်တန်းကာလမှာ ခြောက်လကြာမည်ဖြစ်သည်။ UK နိုင်ငံရှိ City & Guilds International ၏ သင်ရိုးညွှန်းတမ်းများအတိုင်း စာတွေ့လက်တွေ့ ဟန်ချက်ညီညီဖြင့် ဝါရင့်အတွေ့အကြုံရှိ ဆရာ၊ ဆရာမများက သင်ကြားပေးမည် ဖြစ်သည်။

ဘာသာရပ်လေးခုကို ဖြေဆိုရမည်ဖြစ်ပြီး ဇွန်လနှင့် ဒီဇင်ဘာလတို့တွင် ဖြေဆိုရမည်ဖြစ်သည်။ အဆိုပါ ဒီပလိုမာကို ဆေးပညာရှင်များ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ၊ ဆေးပညာရပ် သင်ကြားထားသူများ တက်ရောက်နိုင်သည်။ Diploma ကို UKမှ တိုက်ရိုက် ပေးအပ်သည့်အတွက် ပြည်တွင်းပြည်ပလုပ်ငန်းခွင်များတွင် အလုပ်အကိုင်ရရှိရန် သေချာသော အခွင့်အလမ်းဖြစ်ပြီး NGO, UN အဖွဲ့အစည်းများ၊ FAO ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ ကြက်ခြေနီ ကူညီစောင့်ရှောက်ရေးအဖွဲ့များ၊ စက်ရုံ၊ အလုပ်ရုံ အလုပ်သမားဌာနများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်။ စင်ကာပူနိုင်ငံတွင် Spass လျှောက်ထားရာ၌ လွယ်ကူမှုရှိပြီး ဂျပန်နိုင်ငံ ဘိုးဘွားရိပ်သာများတွင်လည်း အလုပ်ရရှိနိုင်သည်။

ယင်းသင်တန်းသို့ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ၊ GCE 'o' Level အောင်မြင်ပြီးသူများ၊ သူနာပြုအကူအောင်မြင်ပြီးသူများ၊ ဆေးဝါးကျွမ်းကျင်အောင်မြင်ပြီးသူများအနေဖြင့် နောင်လုံပညာရေးစင်တာမှ ဖွင့်လှစ်သင်ကြားမည့် Health Care Basic သုံးလ အခြေခံသင်တန်းကို တက်ရောက်နိုင်ပြီး သင်တန်းမှ အောင်လက်မှတ်ရရှိပါက Health Care Diploma Course ကို ဆက်လက်တက်ရောက် သင်ကြားနိုင်မည်ဖြစ်သည်။ (Health Care Diploma) သင်တန်း အမှတ်စဉ်(၂)ကို ဇန်နဝါရီ ၁၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံအောင်လက်မှတ်ရသင်တန်းကို ဇန်နဝါရီ ၂၂ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက နောင်လုံပညာရေးစင်တာ အမှတ်(၁၇၀-၁၇၆) ဗိုလ်အောင်ကျော်လမ်း MGW Tower (၇)လွှာ အခန်း(၇၀၁) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၂၅၆၅၆၂၊ Fax ၀၁-၂၄၉၃၇၆ E-mail- nlfec 2001@ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး၊ မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးမြင့်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်သီဟတို့ ဦးဆောင်၍ အမှတ်(၅)ရပ်ကွက်၌ မီးဘေးကာကွယ်ရေး စစ်ဆေးဆောင်ရွက်ကြစဉ်။

(၃၂၉)

❖ နဝမအကြိမ်မြောက်မှ

အင်တာနက်အိတ်ချိန်းသစ်၊ အမျိုးသားအဆင့်ရတနာပုံ Web Portal နှင့် ရတနာပုံ နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို သတင်းအချက်အလက် နည်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၌ အထောက်အကူဖြစ်စေရန်၊ ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ICT နည်းပညာဖြင့် ဖြည့်ဆည်းပေးနိုင်ရန်၊ ခေတ်မီနည်းပညာရပ်များကို ကမ္ဘာနှင့်အမီ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့ ကျင်းပသော ICT ပွဲတော်တွင် ယခင်နှစ်များနှင့် မတူသည့် ICT နည်းပညာများဖြင့် မြန်မာနိုင်ငံ၌ ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများကို နိုင်ငံအတွင်း တပ်ဆင်သုံးစွဲနေမှုများကိုပါ ထည့်သွင်းပြသထားကြောင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီး ဦးသိန်းဇော်နှင့် မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့က နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရတနာပုံဆိုင်ဘာ ခန်းမအတွင်း ပြည်တွင်း ပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့်အိုင်တီနည်းပညာပစ္စည်းများ၊ ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှ ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ဆက်သွယ်ရေးနည်းပညာ ပြခန်းများနှင့် e- cinema တို့ကို လှည့်လည်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖွင့်လှစ်ပြသ

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ကုမ္ပဏီ ၂၆ ခုတို့က ပြခန်းပေါင်း ၃၀ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကာလ ငါးရက်အတွင်း ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်အသုံးပြုနိုင်သော McWill စနစ်များကို လည်းကောင်း၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ Mobile Applications Software များ၊ Web Hosting နှင့် mm Domain Name များကို လည်းကောင်း အသုံးပြုလိုသူများသို့ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြခန်း၌ EVDO (CDMA သုံး Data စနစ်) သုံးစွဲလိုသည့် လက်ရှိ CDMA 800 MHz တယ်လီဖုန်းသုံးစွဲသူများအား One-Stop Service ဖြင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီး ဦးသိန်းဇော်နှင့် မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့ နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)



မြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် နဝမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် သနပ်ခါးတောကျေးရွာ စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အလှူရှင်ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သော နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ပျော်ဘွယ်မြို့နယ် သနပ်ခါးတောကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျေးရွာ ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး **(ယာပုံ)**၊ အခမ်းအနားသို့ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်၊ ရမည်းသင်းခရိုင် တပ်နယ်မှူး၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ စက်ရေတွင်းသည် နှစ်လက်မ PVC အမျိုးအစား အနက်ပေ ၄၈၀ ရှိပြီး အလှူရှင်များ လှူဒါန်းငွေကျပ် ၂၇၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၂) ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၂)၌ ကားနှင့်ဆက်စပ်ပစ္စည်းများ အရစ်ကျစနစ်ဖြင့် ရောင်းမည်၊ ကမ္ဘာ့ပထမဦးဆုံး ဆေးပညာမဟာဘွဲ့ တက်ရောက်နိုင်၊ အမြွာရုပ် အတူဆုံးပြိုင်ပွဲ ပထမဆုံးကျင်းပမည်၊ မြန်မာအလုပ်သမားများ EPS အရ ကိုရီးယားသို့ စတင်သွားရောက်ခွင့်ရပြီ၊ မော်တော်ယာဉ်စီးနင်းသူများအားလုံး ခါးပတ်တပ်ဆင်ရမည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်စီစဉ် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံခြင်း၊ အယ်ဒီတာ့ထံပေးစာ၊ နိုင်ငံ့အရေးဟူသည်၊ အတိုဝတ်မှ ခေတ်မီမှာလား၊ သူတစ်ပါးအပြစ်နှင့် မိမိနှလုံးအိမ်၊ သူယုတ်မာစစ်တမ်း၊ မြို့ကြီးများကို ကာကွယ်ဖို့ ရေအရင်းအမြစ်များ ထိန်းသိမ်းစို့ကဲ့သို့သော ဖတ်စရာမှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

"ပြဿနာတွေကို ဖြေရှင်းမယ်ဆိုရင်" အများပြည်သူဆိုင်ရာ မူဝါဒရေးရာ ပညာရှင်ရောဘတ်ကလစ်ဂတ်နှင့် စထရိတ်တိုင်းမ်သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ပါရှားနှင့် အာရေဗီးယားတို့ သဘောထားကွဲလွဲမှု၊ ဆော်ဒီတွင် အစ္စရေး စပိုင်ဖမ်းမိ၊ အရှေ့တောင်အာရှမှ စတော့ ရှယ်ယာရောင်းဝယ်ရာဌာနများ တစ်ဟုန်ထိုးတိုးတက်လာ၊ ၂၀၁၀ ရဲ့ အထူးဆုံးတွေထဲက အထူးဆန်းဆုံး၊ တစ်ဂဏန်းတွေနဲ့ လူဖြစ်လာတဲ့ ကလေး၊ ဩစတြေးလျနိုင်ငံ ရေလွှမ်းမိုးမှု သေဆုံးသူအရေအတွက်တိုးပွား၊ အိန္ဒိယနှင့်ပါကစ္စတန် ချုံကလီးယားတည်နေရာစာရင်း အပြန်အလှန်ဖလှယ်၊ "သဲကန္တာရမှာ မိုးရွာတော့မှာလား" အဘူဒါဘီရှိ အာဏာပိုင်တို့က သိပ္ပံပညာရှင်များကို ငှားရမ်းကာ ၎င်းတို့ဒေသတွင် မိုးရွာသွန်းစေရန်ဖန်တီး၊ ရုတ်တရက် အအေးခေတ် လွှမ်းကဲနေသော်လည်း ကမ္ဘာကြီးပူနွေးမှု ပျောက်ကွယ်သွားမည်မဟုတ် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

အထက(၆) အလုံ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၈

၁၉၆၆ မှ ၁၉၉၆ ပညာသင်နှစ်အထိ အထက(၆)အလုံ၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး ဖုန်း-၂၂၀၇၉၀ (ကျောင်းဖုန်း)၊ ဦးစိန်ဝင်း(၇၄) ဖုန်း-၂၂၀၅၇၃၊ ဦးကျော်စွာသိန်း(၇၅) ဖုန်း-၀၉-၅၄၁၇၂၉၄၊ ဦးသီလသိန်း (၇၇) ဖုန်း-၂၉၃၀၃၈၊ ဦးပြုံးဝမ် (၈၀) ဖုန်း-၇၂၅၃၃၃၊ ဒေါ်နှင်းနှင်းယု(၈၁) ဖုန်း- ၅၀၄၀၂၂၊ ဦးရဲမင်းစိုး(၈၃) ဖုန်း- ၇၃၁၁၃၄၁၄၊ ဦးဆန်းသွင်(၉၁) ဖုန်း-၀၉-၅၁၄၈၇၅၀၊ ဒေါ်ယဉ်မင်းချောစု(၉၂) ဖုန်း-၅၀၅၅၇၃နှင့် ဦးဘိုဇာမောင် (၉၅) ဖုန်း-၀၉-၅၁၆၅၆၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရေသန့်ရေချမ်းစင်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ မအူပင်ဆေးရုံ၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မအူပင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၅ ရက်က မအူပင်မြို့ ဆန်စပါးကုန်စည်ဒိုင်မိသားစုက လှူဒါန်းသော ရေသန့်ရေချမ်းစင်အား မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်၊ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းမြင့်၊ ကုန်စည်ဒိုင်နာယကကြီးများဖြစ်ကြသော ဦးဝင်းလှိုင်နှင့် ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်က ဆေးရုံကြီးတွင် ကုန်စည်ဒိုင်မိသားစု တပ်ဆင်လှူဒါန်းထားသော PUBLIC ADDRESS SYSTEM များအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ **(အောက်ဝဲပုံ)** ကျင်းပရာ မအူပင်ခရိုင်နှင့် မအူပင်မြို့နယ် ဆန်စပါးကုန်သည်အသင်းဥက္ကဋ္ဌ၊ မအူပင်မြို့ ဆန်စပါးကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးကျော်မင်းဇင်(ခ)ကိုယ်ကသောက်ရေကန်၊ သုံးရေကန်၊ ရေသန့်ရေချမ်းစင်နှင့် PUBLIC ADDRESS SYSTEM များအတွက် အလှူငွေကျပ် ၁၂၀၂၈၅၀၀ ကို ပေးအပ်လှူဒါန်းရာ ခရိုင်အတွင်းရေးမှူးက လည်းကောင်း၊ မအူပင်မြို့ အောင်နန်းတော် အထွေထွေစီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မိတ်ဆွေအပေါင်းအသင်းများက ချို့တဲ့လူနာများ အန္တရာယ်ကင်းစွာ မီးဖွားနိုင်ရေး မတည်အလှူငွေကျပ် သိန်း ၅၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လည်းကောင်း၊ မိတ်သစ် ဆန်စက်ပိုင်ရှင် ဦးအောင်ကျော်မင်းနှင့် အောင်ကျော်မိုးတို့က EMERGENCY LIGHT အတွက် အလှူငွေကျပ် ၁၂၅၀၀၀၀ လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက လည်းကောင်း အသီးသီး လက်ခံကြသည်။

(ကြေးမုံ)

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အမှတ်(၇) ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိ ယာယီအားကစားရုံ၌ ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး တက်ရောက် အမှာစကားပြောကြားစဉ်။
(၄၉)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာခရစ္စရှန်ဝုဖ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိနှင့်တကွ ဂျာမနီပြည်သူအားလုံးက ဝမ်းမြောက်လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း ဖော်ပြပါရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင် Abdullah Bin Abdulaziz AL Saud ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိနှင့်တကွ ဆော်ဒီအာရေဗျပြည်သူများက လှိုက်လှဲစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူများ ဖွံ့ဖြိုးတိုးတက်စည်ပင်ပါစေကြောင်း မိမိ အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ခရိုအေးရှား သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအိုင်ဗိုဂျို့စ် ပိုဗစ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိနှင့်တကွ ခရိုအေးရှားပြည်သူတို့က ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်သူအားလုံး ဖွံ့ဖြိုးစည်ပင်ဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မင်းသား မိုဟာမက် ဘိုလ်ကီးယားထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မြန်မာနိုင်ငံ၌ တိုးတက်ပြောင်းလဲမှုများစွာ ဖြစ်ထွန်းခဲ့ခြင်းအတွက် မိမိ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လေးစားမှုများ ဆက်လက်ခိုင်မာမည်ဟု မိမိ မျှော်လင့်ပါကြောင်းဖြင့် ဖော်ပြထားသည်။ ■

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ကန် ကာကွယ်ရေးဝန်ကြီး၏ တရုတ်ခရီးစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ရန် မျှော်လင့်ရဖွယ်ရှိ



ဝါရှင်တန် ဇန်နဝါရီ ၈

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား တစ်နှစ်ကြာမျှဆက်ဆံရေးတင်းမာခဲ့ပြီးနောက် အမေရိကန်ကာကွယ်ရေး ဝန်ကြီး ရောဘတ်ဂိတ်စ် **(ဝဲပုံ)** သည် တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရောဘတ်ဂိတ်စ်သည် ၎င်း၏ခရီးစဉ်အတွင်း စစ်ရေးအင်အား တဖြည်းဖြည်းမြင့်တက်လာသော တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ပြန်လည်ခိုင်မာလာစေရန် မျှော်လင့်ထားသည်။

တရုတ်နိုင်ငံသည် ၎င်း၏ စစ်ရေးစွမ်းပကားကို ချဲ့ထွင်ခဲ့ပြီး ပစိဖိတ်ဒေသပိုင်နက်များကို အကြောင်းပြု၍ အမေရိကန် ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံများနှင့် အငြင်းပွားမှု အစပျိုးခဲ့ရာ အမေရိကန်နှင့် တရုတ်အကြား မကြာသေးမီကာလများက ဆက်ဆံရေး တင်းမာခဲ့ရသည်။ ရေဒါမှ ထောက်လှမ်းနိုင်စွမ်းမရှိသော တိုက်လေယာဉ်များ၊ လေယာဉ်တင်သင်္ဘောဖျက် ပဲ့ထိန်းဒုံးပျံများ တည်ဆောက်မှုနှင့်အတူ အာရှတိုက်၏ လုံခြုံရေးရှုမျှော်ခင်းကို ပုံဖော်လာသည့် တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းပကားကို အမေရိကန် ပြည်ထောင်စုက အလေးဂရုပြုလာရသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်သည် ၎င်း၏ငါးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို ဇန်နဝါရီ ၈ ရက်တွင် စတင်မည်ဖြစ်သည်။ ယင်းခရီးစဉ်အတွင်း တရုတ်နှင့် အမေရိကန်နိုင်ငံအကြား စစ်ရေးအရ အပြန်အလှန်ဆက်သွယ်ထားရေးကို ဆက်လက်ထိန်းသိမ်းရန် ရောဘတ်ဂိတ်စ်က ရည်မှန်းထားသည်။

တရုတ်နှင့် အမေရိကန်အကြား စစ်ရေးအရ အပြန်အလှန် ဆက်သွယ်မှုများကို အမေရိကန်နိုင်ငံက တရုတ်(တိုင်ပေ)ကျွန်းကို လက်နက်ရောင်းချရန် ဆုံးဖြတ်ခဲ့မှုကြောင့် တရုတ်နိုင်ငံက ဖြတ်တောက်ခဲ့သည်။

ရောဘတ်ဂိတ်စ်သည် ၎င်း၏ခရီးစဉ်အတွင်း တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။ သမ္မတဟူကျင်ထောင်း သည် မကြာမီကာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ရန် စီစဉ်ထားသည်။ **အေပီ။**

လက်ဘနွန်တပ်ဖွဲ့နှင့် ကုလကြားခံတပ်ဖွဲ့ ပူးတွဲစစ်ရေးလေ့ကျင့်

ဘေရွတ် ဇန်နဝါရီ ၈

လက်ဘနွန်နိုင်ငံတောင်ပိုင်းနယ်စပ်မြို့ နာကူရာမြို့တွင် ကုလသမဂ္ဂကြားခံတပ်ဖွဲ့(ယူနီဖီးလ်)နှင့် လက်ဘနွန်အစိုးရတပ်ဖွဲ့တို့ ပူးတွဲစစ်ရေးလေ့ကျင့်ကြသည်ဟု စနေနေ့သတင်းများတွင် ဖော်ပြသည်။

"နပ်ပကျွန်းဂြိုဟ်ဟိန်းသံ" ဟု အမည်ပေးထားသည့် လက်နက်ကြီးများ ပစ်ခတ်သည့် စစ်ရေးလေ့ကျင့်မှုကို သောကြာနေ့တွင် လုပ်ဆောင်ခဲ့ကြောင်း ယူနီဖီးလ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယူနီဖီးလ်ကို အစ္စရေးနိုင်ငံနှင့် လက်ဘနွန်တောင်ပိုင်း အကြားနယ်စပ်ကို စောင့်ကြပ်ကြည့်ရှုရန်အတွက် ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

၂၀၀၆ခုနှစ်တွင် အစ္စရေးတပ်ဖွဲ့များက လက်ဘနွန်နိုင်ငံ အတွင်းသို့ ဝင်ရောက်တိုက်ခိုက်သဖြင့် အရပ်သားအများစု အပါအဝင် လူဦးရေ ၁၂၀၀ ခန့် သေဆုံးပြီးနောက် ယူနီဖီးလ်၏ အခန်းကဏ္ဍကို ကျယ်ပြန့်စွာ ပေးအပ်ထားခဲ့သည်။

ဩဂုတ် ၃၀ ရက်တွင် လက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ကို နောက်ထပ်တစ်နှစ် ဆက်လက်ထားရှိရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချခဲ့သည်။ **အင်တာနက်။**

အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို အာဖဂန်တွင် စစ်ခုံရုံးတင်

ကဘူး ဇန်နဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံတွင် လက်နက်မဲ့အရပ်သား အနည်းဆုံးသုံးဦးကို အပျော်သက်သက် အဖြစ် ပစ်သတ်ခဲ့သည့် အမေရိကန်ကြည်းတပ်မှ တပ်ကြပ်ကြီး ကယ်လ်ဗင်ဂစ်သည် စစ်ခုံရုံးတွင် အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်း စနေနေ့ အင်တာနက် သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်က ကန်ဒါဟာပြည်နယ်၌ အာဖဂန်အရပ်သားသုံးဦးအား သတ်ဖြတ်မှုဖြင့် စွဲချက်တင်ခံထားရသော အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးတွင် ၎င်းလည်း တစ်ဦးအပါအဝင်ဖြစ်သည်။

အဆိုပါ တပ်ကြပ်ကြီးသည် ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် အာဖဂန်အရပ်သားများကို ကြုံသလိုသတ်ဖြတ်ခဲ့သည့်အဖွဲ့အား ခေါင်းဆောင်ခဲ့သည်ဟု ဆိုသည်။

၎င်းအား ကြိုတင်ကြံစည်၍ လူသတ်မှု၊ လူသတ်ရန်ပူးပေါင်းကြံစည်မှုနှင့် စစ်ပွဲ အထိမ်းအမှတ်အဖြစ် သတ်ဖြတ်ခံခဲ့ရသူများ၏ သွားများ၊ လက်ချောင်းများနှင့် အရိုးများကို သိမ်းဆည်းထားမှုစသည်ဖြင့် အမှုသုံးမှု စွဲချက်တင်ထားသည်။

ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားလျှင် ဂစ်သည် ထောင်ဒဏ်တစ်သက် ကျခံရဖွယ်ရှိသည်။ အာဖဂန်စစ်ပွဲအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများအတွက် တရားစွဲဆိုခဲ့ရာတွင် အရေးပါဆုံးသောအမှု ဖြစ်သည်။ **အင်တာနက်။**

အိန္ဒိယမြောက်ပိုင်း၌ အအေးလှိုင်းကျရောက် ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ၂၂ ဦးသေဆုံး

နယူးဒေလီ ဇန်နဝါရီ ၈

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း အအေးလှိုင်းကျရောက်ခဲ့ရာ လူ ၂၀ ကျော် သေဆုံးခဲ့ရကြောင်း ပီတီအိုင် သတင်းဌာနက ဇန်နဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အအေးလှိုင်းဒဏ်ကို အပြင်းထန်ဆုံး တွေ့ကြုံရသည့်ဒေသမှာ ဥတ္တရပရာဒေ့ရှ်ပြည်နယ်ဖြစ်သည်။ ယင်းပြည်နယ်၌ အအေးပြင်းထန်မှုကြောင့် ၂၂ ဦးထက်မနည်း သေဆုံးခဲ့ရပြီး သေဆုံးသူအများအပြားမှာ အိုးအိမ်မဲ့များဖြစ်ကြသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်မှစ၍ အလွန်အမင်းအအေးပြင်းထန်ခဲ့ပြီး ဖော်ပြပါကာလအတွင်း သေဆုံးသူဦးရေ ၆၃ ဦးအထိရှိသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် အဆင်းရဲအနွမ်းပါးဆုံးပြည်နယ်များတွင် ပါဝင်သည်။ ပြည်နယ်လူဦးရေ သန်း ၁၈၀ အနက် ငါးပုံတစ်ပုံမှာ အိုးမဲ့အိမ်မဲ့များဖြစ်ကြောင်း အစိုးရကထုတ်ပြန်သော စာရင်းအင်း ကိန်းဂဏန်းများတွင် ဖော်ပြသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏ အိမ်နီးချင်း ဂျာခန်းပြည်နယ်၌ လွန်ခဲ့သည့်နှစ်ရက်အတွင်း ရေခဲမှတ်အထိ အပူချိန်ကျဆင်းခဲ့ပြီး အအေးလှိုင်း ကျရောက်မှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံးခဲ့ရသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဒေသများ၌ ယခုရက်သတ္တပတ်အတွင်း အပူချိန် ၃၇ ဒီဂရီဖာရင်ဟိုက်အောက်သို့ ကျဆင်းခဲ့သည်။ **အင်တာနက်။**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟီမာချယ်ပရာဒေ့ရှ် ပြည်နယ် ရှီမလာမြို့၌ ဆီးနှင်းများ ကျဆင်းနေသည်ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။ [အိန္ဒိယ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့၌ အအေးလှိုင်း ကျရောက်မှုကြောင့် သေဆုံးသူဦးရေ ၁၀၀ ကျော်ခဲ့ပြီ ဖြစ်သည်။]

ပြင်သစ်လူမျိုးနှစ်ဦး နိုင်ဂျာ၌ ပြန်ပေးဆွဲခံရ

နာမီ ဇန်နဝါရီ ၈

နိုင်ဂျာနိုင်ငံ မြို့တော်နာမီ၌ ပြင်သစ်လူမျိုးနှစ်ဦးအား သေနတ်ဖြင့်ထောက်ကာ ပြန်ပေးဆွဲခေါ်ဆောင်သွားသည်ကို တွေ့ရှိရကြောင်း မျက်မြင်တွေ့ရှိသူများက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။

စားသောက်ဆိုင်တစ်ဆိုင်၌ ညစာစားသုံးနေကြသော ပြင်သစ်လူမျိုးနှစ်ဦးကို သေနတ်သမားနှစ်ဦးက ၎င်းတို့နှင့်အတူ လိုက်ပါရန် ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ဆိုင်အပြင်တွင် နောက်ထပ်ပြန်ပေးဆွဲသူနှစ်ဦး စောင့်ဆိုင်းနေခဲ့ပြီး ပြင်သစ်နှစ်ဦး ကို ကားပေါ်တင်ဆောင်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အာဖရိကမြောက်ပိုင်းဒေသ၌ အခြေစိုက်သော အယ်လ်ခိုင်ဒါအဖွဲ့ခွဲတစ်ခုက နိုင်ငံခြားသားများအား မကြာခဏ ပြန်ပေး ဆွဲလေ့ရှိသည်။

ပြန်ပေးဆွဲသူများမှာ နိုင်ဂျာနိုင်ငံ မြောက်ပိုင်း၌ နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုဝင်များဖြစ်နိုင်ကြောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့ခွဲမှ အကြမ်းဖက်သမားများသည် ပြင်သစ်ဘာသာစကားကိုရော အာရေဗျဘာသာစကားကိုပါ ပြောဆိုနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**



ဝန်ကြီး ဦးဇော်မင်း ဖြူးမြို့ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် အမှတ်(၃)တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ပင်မတမံပေါ်မှနေ၍ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် ရေထိန်းမျှော်စင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ဖိအားနိမ့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရေလှောင်ထိန်းစည် ဆောက်လုပ်ပြီးစီးမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်း တပ်ဆင်မည့်နေရာ ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓာတ်အားပေးစက်ရုံအတွင်း ရောက်ရှိပြီး စက်အမှတ်(၁)၏ Stator တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ စက်အမှတ်(၂)၏ Stator တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စက်အမှတ်(၃) Pit Liner တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်သုံးပစ္စည်းများ အလေအလွင့်နည်းပါးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် သုံးစွဲကြရေး၊ လုပ်ငန်းပိုင်းတစ်ခုချင်းအလိုက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ လုံခြုံရေးစနစ် ဂရုပြုကြပ်မတ်ဆောင်ရွက်ကြရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်သွားကြရန် တို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေသွယ်ဥမင်လိုဏ် ကွန်ကရစ်လိုင်နင်လုပ်ငန်းများဆောင်ရွက်နေမှု၊ ဥမင်လိုဏ်အတွင်း သံမဏိပိုက်လိုင်းများ တပ်ဆင်နေမှု၊ ထရန်စဖော်မာယာဒ်နှင့် ဆွစ်ယာဒ်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အား ၆၀ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း သန်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၂ ဒသမ ၄၆ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်း ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၁၅ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ တေးဂီတအစီအစဉ်
၈း၂၅ ၈။ "စည်းကမ်းလိုက်နာဘေးကင်းမှာ"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ အကပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၆)**
၁၂း၃၀ ၅။ **Golf Magazine (TV)**
၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "မုန်းပါတယ်မောင့်ကို" (ဝင်းဦး၊ အောင်လွင်၊ ဖိုးပါကြီး၊ မြင့်မြင့်ခင်၊ ချိုပြုံး၊တင်တင်မြ) (ဒါရိုက်တာ-တင်ထွန်းနိုင်)**
၂း၅၀ ၇။ International News
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ စောင်းပဒေသာတီးကွက်ဆန်းများ
၄း၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ "ကွန်ရက်သဖွယ်ဆက်သွယ်ထားမြန်မာ့မီးရထားလမ်းများ"
၅း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၅)
၆း၄၀ ၁၂။ **တစ်မျက်နှာတစ်ကွက်စာ "မှည့်လွန်းသောပန်းသီးများ" (မင်းဦး၊ဆုပန်ထွာ၊ ပြည့်ဖြိုး၊ဒေါ်ခင်ခင်ကြီး၊ ဖြိုးပိုပို) [ဒါရိုက်တာ-မေတင် (MMG)]**
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၁၃)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (အပိုင်း-၉၀)**
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၆)**
၁၉။ အစီအစဉ်ပြီး၏။

NIBBAN နှင့် WIN WELDING ပြခန်း Living With Technology Expo-2011, Yangon တွင် ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Living With Technology Expo-2011, Yangon ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်ထိ ပြသလျက်ရှိရာ မလေးရှားနိုင်ငံမှ ထုတ်လုပ်သော အဆင့်မြင့် လျှပ်စစ်ဂဟေဆော်စက်နှင့် ဖြတ်စက် အမျိုးမျိုး၊ NIBBAN Voltage Stabilizer တို့ကို ပါဝင်ပြသလျက်ရှိသည်။

Win Welding Industries (Malaysia) မှ ထုတ်လုပ်သော အဆင့်မြင့် လျှပ်စစ်ဂဟေဆော်စက်နှင့် ဖြတ်စက် အမျိုးမျိုးကို Win အရောင်းပြခန်းတွင် လက်တွေ့စမ်းသပ်သရုပ်ပြ၍ ရောင်းချပေးလျက်ရှိသည်။ ပြပွဲလာ ပရိသတ်များမှ ပစ္စည်းနမူနာများကို ယူဆောင်လာပြီး ကိုယ်တိုင်ဂဟေဆော်ခြင်း၊ ဖြတ်ခြင်းများကို Win အရောင်းပြခန်းတွင် လာရောက်စမ်းသပ်နိုင်သည်။

စက်ရုံသုံး၊ လုပ်ငန်းသုံး၊ အိမ်သုံး လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပုံမှန် အလုပ်လုပ်နိုင်ရန်နှင့် ပျက်စီးခြင်းများ မဖြစ်စေရန်အတွက် အကောင်းဆုံး ကာကွယ်ပေးနိုင်သည့် ဗို့အားအတည်ငြိမ်ဆုံး ဗို့အားထိန်းစက် NIBBAN Fully Automatic Voltage Stabilizer ကိုတပ်ဆင်အသုံးပြုနိုင်သည်။ NIBBAN Voltage Stabilizer များကို 5 KVA မှ 2000 KVA အထိ ငါးနှစ် အာမခံပေးပြီး ကျွမ်းကျင်ပညာရှင်များက ကိုယ်တိုင်တွက်ချက်၍ ဆောင်ရွက်ရောင်းချပေးလျက်ရှိသည်။ ဆက်သွယ် ဝယ်ယူလိုပါက Yangon Show Room & Service Centre အမှတ်(၁၆၄)ဗိုလ်ရွှေလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၁၇၉၂၊ ၀၉- ၉၉၂၁၂၄၅ နှင့် ၀၉-၅၀၄၁၂၀၆၊ Mandalay Show Room & Service Centre No.178, 26(B) (၈၃)လမ်းနှင့် (၈၄)လမ်းကြား အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၀၃၂၂ တို့သို့ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

NIBBAN နှင့် WIN WELDING ပြခန်း Living With Technology Expo-2011, Yangon ပြပွဲတွင် ပါဝင်ပြသစဉ်။

(သတင်းစဉ်)

ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကညွတ်ကွင်း၌ကျင်းပ

ကညွတ်ကွင်း ဇန်နဝါရီ ၈

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် အထက ကျောင်းလေးအားကစားကွင်း၌ ကျင်းပသည်။

အားကစားပြိုင်ပွဲ ၂၈ မျိုးကျင်းပခဲ့ရာ လူမှုဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဆရာကြီး ဦးတင်စိန်၊ အားကစားမြှင့်တင်ရေး ဥက္ကဋ္ဌ ဆရာကြီး ဦးကျော်ငြိမ်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)**

(ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ စာစီစာကုံး ပထမဆု၊ ဘက်စုံပထမဆုနှင့် သူငယ်တန်းမှ ဒုတိယတန်းထိ သုံးနှစ်ဆက်တိုက် ပထမဆုရသော မောင်ထွန်းတိမ်ယံဦးအား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကျော် ဆုချီးမြှင့်စဉ်။

(ပညာရေး)

အောင်ဆန်းသူရိယ လှသောင်းကျောင်း အထက(၂) မင်္ဂလာဒုံ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂) မင်္ဂလာဒုံ၏ ၁၉၇၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၈၀ တို့အား ကျောင်းသား၊ ကျောင်းသူဟောင်း ၆၀၀ ခန့်က (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောင်ဆန်းသူရိယ လှသောင်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မြေယာရှူခင်း ဆောင်ရွက်

မြင်းမူ ဇန်နဝါရီ ၈

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေး-မုံရွာလမ်းမရှိ မြေယာရှုခင်း ဆောင်ရွက်ထားရှိမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့မှ ဆောင်ရွက်ပြီး မြေယာရှုခင်း များနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၅) ရပ်ကွက် (၂၈)လမ်းအလယ်တွင် ဖွင့်လှစ်ထားရှိသော သရပါ စာကြည့်တိုက်၏ နှစ်နှစ်ပြည့် အထိမ်းအမှတ်နှင့် စာကြည့်တိုက် တိုးချဲ့ဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်မျိုးအောင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

ဆေးပညာသတင်းဆန်းများ(၁၁)

ယခုအပတ် ဆေးပညာသတင်းဆန်းများ ဖော်ပြရာမှာ ပထမဦးစွာ ဆေးပညာလောကတစ်ခုလုံးအတွက် အထူးဝမ်းမြောက်ဖွယ် သတင်းတစ်ပုဒ်ကို ဦးစွာ ဖော်ပြလိုပါတယ်။ အမေရိကန်နိုင်ငံ Northwest University မှ Professor Samuel Stupp ဦးဆောင်တဲ့ ဆေးသုတေသနပညာရှင်တစ်စုရဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ ဒါကတော့ သူတို့အဖွဲ့ဟာ Stem Cell ကို Nano နည်းပညာနှင့် ပေါင်းစပ်ပြီး ကိုယ်လိုချင်တဲ့ Tissue ပုံစံအမျိုးမျိုးကို ပြုလုပ်နိုင်ပြီဆိုတဲ့ သတင်းပါပဲ။ ဒါကြောင့် လူတွေမှာ သွေးကြောပိတ်၊ သွေးထွက်လွန်၊ ထိခိုက်ဒဏ်ရာတွေကြောင့် ပျက်စီးသွားတဲ့ နှလုံး၊ အဆုတ်၊ အသည်း၊ ကျောက်ကပ်၊ ကျောရိုး(Spinal Cord) စတဲ့ Tissue အမျိုးမျိုးကို အစားထိုးကုသနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ကြေညာလိုက်ကြပါတယ်။ သူတို့ဟာ Stem Cell, protein နှင့် Large Molecule တွေကို Nano နည်းပညာနဲ့ ပျက်စီးသွားတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေမှာ အစားထိုးဖို့ တီထွင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အစားထိုးခွဲစိတ်ကုသပေးရမယ့် ဆေးပညာရပ်မှာ ကဏ္ဍသစ်တစ်ရပ် ဖြစ်လာလိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်နိုင်ငံ Yale တက္ကသိုလ်က သိပ္ပံပညာရှင်တစ်စုကလည်း သူတို့ဟာ အဆုတ်(Lung)အသစ်တစ်ခုကို ဓာတ်ခွဲခန်းမှာ ဖန်တီးပြီး နဂိုအဆုတ်လိုပဲ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ် စတဲ့ ဓာတ်ငွေ့ကို Exchange လုပ်ပေးနိုင်တဲ့ အဆုတ်ဖြစ်ပြီး ၎င်းကို ကြွက်တစ်ကောင်မှာ အောင်မြင်စွာ ထည့်သွင်း ကုသပေးနိုင်ပြီဖြစ်ကြောင်း ကြေညာလိုက်ကြပါတယ်။ ဒါဟာ အဆုတ်ရောဂါအမျိုးမျိုးကြောင့် တစ်နှစ်မှာ လူလေးသိန်းခန့် နှစ်စဉ်သေဆုံးနေရတဲ့ အမေရိကန်နိုင်ငံမှာ အဆုတ်အစားထိုးကုသနိုင်ဖို့ လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း ကင်ဆာရောဂါအမျိုးမျိုးကို တိုက်ဖျက်ရေးအတွက် ဝမ်းမြောက်စရာ သတင်းတစ်ပုဒ်ပါပဲ။ ဒါက အမေရိကန်နိုင်ငံ Chicago မြို့မှာ လွန်ခဲ့တဲ့ သီတင်းပတ်က ကျင်းပပြီးစီးခဲ့တဲ့ American Society of Clinical Oncology အသင်းကြီးရဲ့ ညီလာခံက ထွက်ပေါ်လာတဲ့သတင်းပါ။ ဒီသတင်းကတော့ ကင်ဆာရောဂါတိုက်ဖျက်ရာမှာ ကင်ဆာကိုဖြစ်စေတဲ့ Genes ကို ပစ်မှတ်(Target)အဖြစ် တိကျစွာစမ်းသပ်ဖော်ထုတ်ထားတဲ့ ဆေးဝါးများကိုသာ အသုံးပြုတော့မှာဖြစ်ပြီး ဒီဆေးတွေဟာ ယခုအခါ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သွေးကင်ဆာ၊ သားဥကင်ဆာ၊ အရေပြားကင်ဆာတို့ကို နိုင်နင်းစွာ ကုသနိုင်ပြီဆိုတဲ့ သတင်းပါ။ ဆေးကုမ္ပဏီက ကျယ်ပြန့်စွာ မထုတ်လုပ်နိုင်သေးပေမယ့် ယခုအခါမှာ ဒီဆေးတွေကို အောင်မြင်စွာ စမ်းသပ်ပြီးကြောင်း သိရပါတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ထပ်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကော်ဖီသောက်ခြင်းရဲ့ အကျိုးသက်ရောက်ပုံသတင်းပါ။ ကော်ဖီသောက်ခြင်းဟာ သွေးထဲမှာရှိတဲ့ အချိုဓာတ်များ လာခြင်းကို ကာကွယ်နိုင်ပြီး Insulin ရဲ့ အာနိသင်ကိုပါ ပိုမိုထိရောက်စေတာကြောင့် အမှတ်(၂)အမျိုးအစား ဆီးချိုရောဂါဖြစ်လာခြင်းမှ ကာကွယ်နိုင်ကြောင်း၊ ၎င်းပြင်

ဒေါက်တာကံညွန့်

Fatty Liver ဖြစ်နေသူတို့မှာလည်း အကျိုးသက်ရောက်နိုင်ကြောင်း တွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို ဂျပန်နိုင်ငံ Nagoya University မှ ဆေးပညာရှင်တို့က သုတေသနပြုခဲ့ကြတာဖြစ်ပြီး ၎င်းတို့ရဲ့ တွေ့ရှိချက်ကို ACS ခေါ်တဲ့ American Chemical Society အသင်းကြီးက ကြေညာလိုက်တာဖြစ်ပါတယ်။

နောက်ထပ် ကော်ဖီနှင့်ပတ်သက်တဲ့သတင်းကလည်း အံ့ဩစရာပါ။ တစ်နေ့မှာ ကော်ဖီလေးခွက် (သို့) ဒီထက်ပိုသောက်သူတွေဟာ သာမန်လူတွေထက် ဦးနှောက်၊ ဦးခေါင်းနှင့် လည်ချောင်းကင်ဆာရောဂါ ဖြစ်နိုင်ခြေ ၃၉ ရာခိုင်နှုန်း နည်းသွားနိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ဟာလည်း International Head and Neck Cancer Epidemiology ဌာနမှ နေရာကိုးနေရာမှာ လေ့လာထားချက်ကို အမေရိကန် ကင်ဆာသုတေသနဌာနက ဖော်ပြလိုက်တာဖြစ်ပါတယ်။

ဆက်လက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်သောက်သူတွေနဲ့အတူ နေထိုင်ရတဲ့ ဆေးလိပ်မသောက်သူ (Passive Smoker, Secondhand Smoker) တွေဟာ ဆေးလိပ်သောက်သူတွေနဲ့ ကင်းကင်းရှင်းရှင်းနေရတဲ့ လုံးဝဆေးလိပ်မသောက်သူတွေထက် စိတ်ရောဂါခံစားရဖို့ ၅၀ ရာခိုင်နှုန်း ပိုတယ်ဆိုတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို University College of London မှ Dr.Mark Hamer နှင့်အဖွဲ့က တွေ့ရှိခဲ့တာဖြစ်ပြီး ၎င်းတို့ဟာ Passive Smoker ၅၀၀၀ ကျော်ကို သုတေသနပြုလေ့လာခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ဆေးလိပ်သောက်သူဟာ ဆေးလိပ်မသောက်သူတွေထက် စိတ်ရောဂါဖြစ်ဖို့ အခွင့်အလမ်း နှစ်ဆပိုရှိပြီး ဆေးလိပ်ငွေ့ခံရသူ (Secondhand Smoker) နှင့် ဘာမှမခံရသူ နှိုင်းယှဉ်ပါက ဆေးလိပ်ငွေ့ခံရသူတို့မှာ ၆၂ ရာခိုင်နှုန်းပိုရှိကြောင်း တင်ပြထားကြပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ စိတ်ရောဂါကုသရာမှာ အသုံးပြုတဲ့ဆေးဝါး (Psychotrophic Medicine) တချို့ဟာ ကိုယ်ဝန်ဆောင်မိခင်တွေမှာ တာရှည်အသုံးပြုခဲ့ရင် မွေးလာတဲ့ကလေးတွေမှာ မွေးရာပါချို့ယွင်းချက်တွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတဲ့သတင်းပါပဲ။ မွေးရာပါ ချို့ယွင်းချက်တွေဆိုတာကတော့ ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ဘဲမွေးခြင်း၊ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ နှစ်နှစ်မပြည့်မီ ကလေးချူချာခြင်း စတဲ့ ရောဂါတွေဖြစ်ပေါ်နိုင်ကြောင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်မှ သုတေသီတချို့က လေ့လာတွေ့ရှိထားကြောင်းနှင့် ဒီဆေးတွေကို ကိုယ်ဝန်ဆောင်မိခင်လောင်းတွေကို ပေးမယ်ဆိုရင် မပေးမဖြစ်အခြေအနေရှိမှသာ Dosage ကို တတ်နိုင်သလောက် လျှော့ပြီးပေးသင့်ကြောင်း အကြံပြုတင်ပြထားကြပါတယ်။

နောက်သတင်းတစ်ပုဒ်မှာတော့ ကလေးနို့တိုက်နေတဲ့ မိခင်တွေမှာ တချို့ဆေးဝါးတွေဟာ မိခင်နို့ရည်ကတစ်ဆင့် ကလေးဆီကိုရောက်သွားနိုင်တဲ့အတွက် အထူးသတိထားသင့်ကြောင်း တင်ပြထားတဲ့သတင်းဖြစ်ပါတယ်။ ဒီအကြောင်းကို စပိန်နိုင်ငံ ဘာစီလိုနာက သုတေသီဆရာဝန်တစ်စုက လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး ၎င်းနိုင်ငံမှာ ထုတ်ဝေတဲ့ Bioanalytical Chemistry Journal မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ နို့တိုက်မိခင်တွေဟာ Coccaine, Heroin နှင့် Alcohol သောက်သုံးခြင်းကို အထူးရှောင်ကြဉ်သင့်ကြောင်း၊ ဆေးလိပ်နှင့် Amphetamine လို ဆေးဝါးမျိုးတွေကိုလည်း အထူးရှောင်ကြဉ်သင့်ကြောင်း အကြံပြုတင်ပြထားပါတယ်။

ဒ့ါအပြင် သတင်းတစ်ပုဒ်ကတော့ အမျိုးသမီးများရဲ့ သွေးဆုံးချိန်ကို ၁၀ နှစ်ခန့်အလိုကပင် သွေးစစ်ခြင်းပြုလုပ်ပြီး ခန့်မှန်းနိုင်ပြီဆိုတဲ့သတင်းပါ။ ကျွန်တော်တို့နိုင်ငံမှာတော့ ကိုယ့်အမေ အသက်(၅၀)မှာ သွေးဆုံးရင် ကိုယ်လည်း အသက်(၅၀)လောက်မှာ သွေးဆုံးနိုင်တယ်ဆိုတာ အကြမ်းဖျင်း ခန့်မှန်းနိုင်ပြီးသားပါ။ ဒါပေမယ့် အခုထွက်ပေါ်လာတဲ့ လေ့လာချက်ကတော့ ရောမနိုင်ငံမှာ ပြုလုပ်တဲ့ European Fertility Conference မှာ အီရန်နိုင်ငံက ဆေးပညာရှင်တစ်စုက တင်ပြခဲ့ကြတာဖြစ်ပါတယ်။ ဒီစမ်းသပ်ချက်ကြောင့် စောစောသွေးဆုံးနိုင်သူအမျိုးသမီးများအတွက် အထူးတန်ဖိုးရှိကြောင်း၊ တချို့အမျိုးသမီးတွေဟာ သူတို့ကလေးရနိုင်မှုကို ရွှေ့ပြောင်းရွေးချယ်နိုင်ကြောင်းနှင့် ကိုယ်ခန္ဓာမှာ သွေးဆုံးချိန်ဖြစ်တတ်တဲ့ တချို့ပြောင်းလဲမှုတွေကိုလည်း ကာကွယ်နိုင်မှာဖြစ်ကြောင်း တင်ပြထားကြပါတယ်။

ဆက်လက်ပြီး လယ်ယာလုပ်ငန်းခွင်တွေမှာ (Insecticide) ဆိုတဲ့ ပိုးသတ်ဆေးတွေ နေ့စဉ်နှင့်အမျှ ကိုင်တွယ် အသုံးပြုရတဲ့ တောင်သူလယ်သမားတွေအတွက် အရေးကြီးတဲ့သတင်းတစ်ပုဒ်ပါ။ ယင်းပိုးသတ်ဆေးတွေမှာပါတဲ့ Chlordecone အများအခေါ် Kepone ခေါ်တဲ့ဓာတ်ဟာ သွေးထဲမှာ ရောက်သွားနိုင်ပြီး ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို သိသိသာသာမြင့်သွားနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒီတွေ့ရှိချက်ကို ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ West Indies နှင့် Guiana နိုင်ငံ လေးနိုင်ငံက သုတေသနပညာရှင်များက လေ့လာမှုပြုပြီး ဖော်ထုတ်ခဲ့ကြတာ ဖြစ်ပါတယ်။

၎င်းတို့ရဲ့ လေ့လာချက်အရ သာမန်လူတွေမှာထက် ယင်း Chordecone ဓာတ်ကို သွေးထဲကနေပြီး ဖျက်ဆီးနိုင်တဲ့ Gene အားနည်းသူတွေမှာ ပိုဖြစ်နိုင်ကြောင်းနှင့် ၎င်းတို့ဟာ ဆီးကျိတ်ကင်ဆာဖြစ်သူ ၇၀၉ ဦးနှင့် တခြားလူ ၇၂၃ ဦးတို့အား နှိုင်းယှဉ်သုတေသနပြုခဲ့ကြ တာလို့ သိရပါတယ်။ ဒါကြောင့် ပိုးသတ်ဆေးတွေကို နေ့စဉ်ကိုင်တွယ်အသုံးပြုနေရတဲ့ တောင်သူလယ်သမားများ လက်အိတ်အသုံးပြုပြီး ကိုင်တွယ်ကြရန်၊ တတ်နိုင်သလောက် ၎င်းတို့ကို အသုံးပြုပြီးချိန်မှာ လက်ကို စင်စင်ဆေး၍ အစားအသောက်စားသုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဆုံးသတင်းတစ်ပုဒ်ကတော့ မျက်စိရောဂါနှင့်ပတ်သက်တဲ့သတင်းပါ။ အသက်အရွယ်ကြီးရင့်သူတွေမှာဖြစ်တတ်တဲ့ ARMD(Age Related Macular Degeneration) လို့ခေါ်တဲ့ မျက်အာရုံခံလွှာ ပျက်စီးတဲ့ရောဂါမှာ အမျိုးအစားအားဖြင့် နှစ်မျိုးရှိပါတယ်။ Dry Type နှင့် West Type ဆိုပြီး နှစ်မျိုးရှိရာမှာ West Type ခေါ်တဲ့ သွေးကြောစိမ့်ပြီးဖြစ်တတ်တဲ့ (ARMD) ရောဂါမျိုးဟာ သွေးထဲမှာ သံဓာတ်များနေတဲ့လူတွေ (Haemochromatosu) ရောဂါရှိသူတွေမှာ ပိုဖြစ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Augusta မြို့က သုတေသီဆရာဝန်များက တွေ့ရှိခဲ့ကြတာ ဖြစ်ပါတယ်။

ဒီရောဂါဖြစ်တဲ့လူတွေဟာ မျက်စိဘာမှမမြင်အောင် လုံးဝမှုန်သွားတာမျိုးမဟုတ်ဘဲ ဘာကိုမှ သဲသဲကွဲကွဲမမြင်နိုင်တဲ့ အဖြစ်မျိုး ရောက်ရတဲ့ရောဂါပါ။ P.D.T ခေါ်တဲ့ လေဆာရောင်ခြည်နှင့် ကုသတဲ့ (Photo Dynamic Therapy) ဆိုတဲ့ ကုသနည်း၊ မျက်စိထဲကို ထိုးရတဲ့ Anti VEGF ခေါ်တဲ့ သွေးကြောအသစ်တွေပေါ်လာတာကို တားတဲ့ဆေး (Macugen, Lucenten, Avastin) ဆိုတဲ့ဆေးတွေနဲ့ ကုသကြသော်လည်း လုံးဝပျောက်သွားတာမဟုတ်ဘဲ သက်သာရုံသာ ကုသနိုင်ကြတာဖြစ်ပါတယ်။

ဒါကြောင့် သက်ကြီးရွယ်အိုတွေ ဒီရောဂါမဖြစ်အောင် ငယ်စဉ်ကပင် ဟင်းသီးဟင်းရွက် အသီးအနှံ နေ့စဉ်စားသုံးခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ Ultra Violet Rays နှင့် Welding မီးရောင်တို့မှ ရှောင်ကြဉ်ခြင်း၊ ယခုလေ့လာချက်အရ သံဓာတ်မများအောင် နေထိုင်ခြင်းဖြင့် အတော်အသင့် ကာကွယ်နိုင်ကြမှာဖြစ်ကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

အထက(၂)ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

အထက(၂)ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူငွေထည့်ဝင်လိုပါက ကိုအောင်မိုးသိန်း ဖုန်း-၀၉-၅၀၇၀၃၄၂၊ မဆွေမျိုးမြင့် ဖုန်း-၅၇၇၄၀၉၊ မစာဆို ဖုန်း-၀၉-၅၀၈၇၀၄၄၊မစပါယ် ဖုန်း-၂၂၄၇၄၄၊ မခင်မိုးလွင် ဖုန်း-၀၉-၅၁၅၈၃၅၂၊ မမြမြကြွယ် ဖုန်း-၀၉-၅၁၅၄၈၂၆၊ ကိုစိန်မင်း ဖုန်း-၇၃၀-၇၁၇၇၂၊ မသင်းကြူမော်ဦး ဖုန်း-၀၉-၅၅၀၄၅၆၄၊၂၄၅၄၅၄ နှင့် ကိုဝေဖြိုး ဖုန်း-၀၉-၅၁၈၈၇၁၇၊၂၉၀၈၇၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်ရိပ်သာ (၄)လမ်းနေ ဦးစိုးနိုင်-ဒေါ်တင်မိုးစမ်း၊ သားမောင်ကျော်ဇင်လင်း၊ သမီး မထက်အင်ကြင်း မိသားစုက ထာဝရအထွေထွေငွေပဒေသာပင်အတွက် ငွေကျပ် သိန်း ၅၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဖြူး အထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ဖြူး ဇန်နဝါရီ ၈

ဖြူး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင်အုတ်ဖြတ်လမ်းအလယ်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဒေါက်တာခင်မောင်မြင့်ကျော် ဖုန်း-၀၅၄-၄၀၃၇၆၊ ဦးကြည်ထွေး ဖုန်း-၀၅၄-၄၀၁၃၄၊ ၀၉-၅၃၉၀၂၉၂၊ ဦးထင်အောင်ကျော် ဖုန်း-၀၅၄-၄၀၇၀၂၊ ဦးမင်းစိုး ဖုန်း-၀၉-၅၁၂၆၇၆၆၊ ဦးမြင့်သိန်း ဖုန်း-၀၁-၆၆၁၀၄၈၊ ၀၉-၅၀၃၄၀၇၀ နှင့် ဒေါ်ယုယု ဖုန်း-၀၁-၅၁၃၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မောက်မယ်မြို့နယ်၌ တံတားပြုပြင်မှု ကြီးကြပ်ဆောင်ရွက်

မောက်မယ် ဇန်နဝါရီ ၈

မောက်မယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် စကားဝါလမ်း တံတားပြုပြင်နေမှုကို ဒီဇင်ဘာ ၃၀ ရက်က မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်က တောင်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီရုံး၌ ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးမင်းသန်း(ငြိမ်း)က (၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ငွေချီးမြှင့်စဉ်။ (၆၃)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်၍ အောက်တွင် ခံခွက်မမေ့နှင့်